ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 14 September 2022 ၁၀၅၅၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ပန်းတိုင်သို့ ချီရာလမ်း လှမ်းလျှောက်ခဲ့သည်

ဆောင်းပါး စာမျက်နှာ » ၆၊ ၇



သထုံမြို့ ရွှေချောင်းအခြေခံပညာမူလတန်းကျောင်း၌ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာကြစဉ်။

## သထုံမြို့ ရွှေချောင်းအခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားရေး နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်

သထုံ စက်တင်ဘာ ၁၃

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြင့်မားပြီး အသိပညာ ဗဟုသုတ တိုးပွားစေရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းက နန်းခဲရပ်ကွက်ရှိ ရွှေချောင်းအခြေခံပညာ မူလတန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပေးပြီး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ရာတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ အားလပ်ချိန်ကို အကျိုးရှိစွာအသုံးပြုကြရေး၊ ကျောင်းစာကို ကြိုးစားကြသလို ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကိုဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက ခင်းကျင်းထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ကြသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းတွင် ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့်

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ☆

**ယနေ့ ဖတ်စရာ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ RIA သတင်းဌာနက သိရှိလိုသည်များကို လက်ခံဖြေကြား**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၃၊ ၄



**ကေဝင်ရိုးကမ္ဘာကြီးမှသည် ဗဟုဝင်ရိုးကမ္ဘာကြီးဆီသို့ ကူးပြောင်းနိုင်စေမည့် ကမ္ဘာ့ခေါင်းဆောင်နှစ်ဦး၏ တွေ့ဆုံမှု**

ဆောင်းပါး စာမျက်နှာ » ၈၊ ၉

**ဒီအမြန်ရထားပြေးဆွဲတဲ့အတွက် ခရီးသည်တွေအနေနဲ့ အချိန်နှစ်နာရီကျော်စောပြီးရောက်တဲ့အပြင် ငွေရေးကြေးရေးအနေနဲ့တွက်ရင်လည်း လက်မှတ်တွေကို အမြန်ရထားနှုန်းမတင်ဘဲ စာပို့နှုန်းနဲ့ပဲ လက်မှတ်တွေကို သက်သောင့်သက်သာဖြစ်အောင် ဆောင်ရွက်ပေးထားပါတယ်**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၀

ကြေးမုံ

# ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး မပျက်မကွက်ထိုးနှံကာကွယ်

ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှာ မြင့်မားတိုးတက်နေဆဲဖြစ်သည်။ နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ဖြစ်ပွားမှုနှုန်းများပြားလျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း ယခုရက်ပိုင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း မြင့်မားတိုးတက်လာသည်။ ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုးများကို ပြည်ပမှ ဝင်ရောက်လာသူများနှင့် ပြည်တွင်းကူးစက်ခံရသူများတွင် တွေ့ရှိနေရပြီး ပြည်တွင်း၌ အစုလိုက်ကူးစက်မှုများဖြစ်ပွားနေသည်။

ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ရောဂါ သံသယလူနာများ၊ ခေတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ ခေတ်ခွဲစစ်ဆေးခြင်းကို နေ့စဉ်လုပ်ဆောင်လျက်ရှိရာ ရောဂါပိုးတွေ့ရှိခဲ့သောလူနာများတွင် ပြည်ပမှဝင်ရောက်လာသူများမှာ အနည်းစုဖြစ်ပြီး ပြည်တွင်း၌ ပြည်သူအချင်းချင်းကြားတွင် ရောဂါပိုးရှိသူများမှတစ်ဆင့် ကူးစက်ခံရမှုမှ အစုလိုက်ကူးစက်မှုများရှိလာသည်ကို နေ့စဉ်တွေ့မြင်နေရသည်။ ရောဂါပိုးရှိသူသည် ရောဂါလက္ခဏာ ကြီးကြီးမားမားမပြသဖြင့် လူအများကြားသွားလာနေရာမှ အခြားသူများသို့ ထပ်မံပျံ့နှံ့လာခြင်းဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနက နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို နေ့စဉ်အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ပြည်သူများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ် -၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံ၌ ရောဂါကူးစက်မှုနှုန်း မြင့်မားလာခြင်းသည် ရောဂါကာကွယ်ရေး စည်းကမ်းများကို လိုက်နာမှုအားနည်းသောကြောင့်ဖြစ်သည်။

ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ သံသယဖြစ်ဖွယ်တွေ့ရှိပါက နီးစပ်ရာဆေးရုံ/ ဆေးခန်းများသို့သွားရောက်၍ ရောဂါရှိ/မရှိ စစ်ဆေးကြည့်ရန်လိုအပ်ပါသည်။ ခေတ်ခွဲအတည်ပြုလူနာများကို ဆရာဝန်၏ညွှန်ကြားချက်ဖြင့် နေအိမ်တွင် သီးသန့်ကုသခြင်း၊ ဆေးရုံများတွင် တက်ရောက်ကုသခြင်းများ ပြုလုပ်ပေးလျက်ရှိရာ ရောဂါသက်သာပျောက်ကင်းမှုများရှိနေသည်ကို တွေ့ရပါသည်။ အဓိကမှာ ကျန်းမာရေးဆိုင်ရာမှ လမ်းညွှန်ချက်များကို အတိအကျလိုက်နာဆောင်ရွက်ရန်လိုပါသည်။ ရောဂါကြောင့် အသက်သေဆုံးနိုင်မှု ဖြစ်နိုင်ခြေနည်းပါးသော်လည်း ရောဂါအခံများရှိလျှင် စိုးရိမ်ဖွယ်ရာအခြေအနေများရှိမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ယခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့မှ စက်တင်ဘာလ ၇ ရက်နေ့အထိ တွေ့ရှိခဲ့သော ကိုဗစ်-၁၉ ရောဂါ ခေတ်ခွဲအတည်ပြုလူနာများ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများ၏ ၈၀ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်း မရှိဘဲ ၁၅ ဒသမ ၉ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံထားပြီး လေးရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားရှိ၍ သုည ဒသမ ၁ ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားပြီးသူများဖြစ်ရာ ကာကွယ်ဆေး အကြိမ်ပြည့်၊ ထပ်ဆောင်းထိုးနှံထားခြင်းသည် အသက်အန္တရာယ်အတွက် စိုးရိမ်ဖွယ်ရာအလွန်နည်းကြောင်း သိရှိရသည်။

မြန်မာနိုင်ငံတွင် အထက်ကဖော်ပြခဲ့သည့် ကာလများအတွင်း တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းနှင့်ပတ်သက်၍ ဆန်းစစ်ကြည့်လျှင် ရောဂါအခံရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားသူများအားလုံး၏ ၈၄ ဒသမ ၁ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်သည်။ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများမှာ သေဆုံးမှု ၁၄ ဒသမ ၄ ရာခိုင်နှုန်းရှိပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားသူများတွင် သေဆုံးမှု ၁ ဒသမ ၅ ရာခိုင်နှုန်းသာရှိသည်ကို တွေ့ရသည်။ ယခုအခါတွင် ကျန်းမာရေးဌာနမှ ကာကွယ်ဆေးထပ်ဆောင်းထိုးနှံခြင်းကို ဆောင်ရွက်ပေးလျက်ရှိရာ ရောဂါကြောင့် အသက်အန္တရာယ်အနည်းဆုံးဖြစ်သဖြင့် အထူးဂရုစိုက်ထိုးနှံထားရန် လိုအပ်ပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု၊ သေဆုံးမှုတို့ကို လေ့လာကြည့်လျှင် ကာကွယ်ဆေးထိုးနှံထားသူများတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် အသက်သေဆုံးမှုကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့်လည်း ရောဂါကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှုကို လျှော့ချနိုင်ကြောင်း တွေ့ရသည်ဖြစ်ရာ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို မပျက်မကွက်ဆောင်ရွက်ကြရန် နှိုးဆော်အပ်ပါကြောင်း။ ။

## သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ် သင်တန်းများဖွင့်လှစ်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)
ကြေညာချက်

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) တွင် အောက်ဖော်ပြပါအတိုင်း သင်တန်းများ ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | သင်တန်းနှစ် | ဖွင့်လှစ်မည့်နေ့ရက် |
|---|---|---|
| (က) | ဒုတိယနှစ်သင်တန်း (ပထမနှစ်ဝက်) | ၁၅-၉-၂၀၂၂ |
| (ခ) | တတိယနှစ်သင်တန်း (ပထမနှစ်ဝက်) | ၁၅-၉-၂၀၂၂ |
| (ဂ) | စတုတ္ထနှစ်သင်တန်း (ဒုတိယနှစ်ဝက်) | ၄-၁၀-၂၀၂၂ |

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

## ပန်းတနော်မြို့၌ အခြေခံစားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

ပန်းတနော် စက်တင်ဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့၌ အခြေခံစားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက် ၁၀ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့တွင် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။



ထိုသို့ ရောင်းချပေးရာတွင် ပန်းတနော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးနိုင်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများက ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၅၀၀၊ ဆီ ၃၀ ကျပ်သားလျှင် ငွေကျပ် ၁၅၀၀၊ ကြက်ဥခြောက်လုံးလျှင် ငွေကျပ် ၁၀၀၀၊ ဘဲဥငါးလုံးလျှင် ငွေကျပ် ၁၀၀၀၊ အိုင်အိုဒင်းဆားတစ်ထုပ်လျှင် ၂၅၀ ကျပ်နှုန်းနှင့် ဟင်းသီးဟင်းရွက်များ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုးကျော်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၃- ၉ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၆၀၀ | ၉,၃၀၀ | ၉၃၈ | ၈,၇၅၄,၁၀၀ |
| MTSH | ၃,၄၀၀ | ၃,၂၅၀ | ၁၁,၂၅၉ | ၃၇,၆၄၉,၉၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၂၁,၀၀၀ | ၂၁,၀၀၀ | ၈၀၂ | ၁၆,၈၄၂,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၃,၃၄၀ | ၉,၃၅၂,၀၀၀ |
| EFR | ၂,၇၀၀ | ၂,၆၅၀ | ၂၀၅ | ၅၅၀,၀၀၀ |
| AMATA | ၅,၅၀၀ | ၅,၅၀၀ | ၀၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၁၃

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၁၃၄.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၂.၉၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၇.၉၂၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၅.၈၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၆.၅၃၇ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၄၉.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၀၅.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၇၆.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၂.၇၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ RIA သတင်းဌာနက သိရှိလိုသည်များကို လက်ခံဖြေကြား

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rossiya Segodnya သတင်းအေဂျင်စီ RIA သတင်းဌာနမှ အထူးသတင်းထောက် Ms. Kukushkina Tatiana အား စက်တင်ဘာ ၆ ရက်တွင် ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University (FEFU)၌ တွေ့ဆုံ၍ သိရှိလိုသည့် မေးမြန်းမှုများကို လက်ခံဖြေကြားခဲ့သည်။ အဆိုပါ မေးမြန်းမှုများနှင့် ဖြေကြားမှုများကို ဖော်ပြလိုက်ရပါသည် –**

(ယမန်နေ့မှအဆက်)

**မေး။** ။ အခုလက်ရှိဖြစ်ပေါ်တိုးတက်နေတဲ့အခြေအနေနဲ့ သုံးသပ်ဆွေးနွေးသွားတဲ့ အချက်တွေပေါ်မှာ စဉ်းစားသုံးသပ်ကြည့်တဲ့အခါမှာ လာမယ့်ကာလတိုကာလအတွင်းမှာ ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိနိုင်ဟု သုံးသပ်မိပါတယ်။ အချိန်ကာလတစ်ခုအထိ ရွှေ့ဆိုင်းဖို့ရှိပါသလား။

**ဖြေ။** ။ ကျွန်တော်တို့အခုချိန်မှာပြောဖို့စောသေးတယ်။ နောက်ထပ်အချိန် လေးငါးလလောက်ကျန်သေးတယ်။ ဒီအပေါ်မှာ အခြေအနေကြည့်ပြီးတော့မှပဲ ဆုံးဖြတ်မှာဖြစ်ပါတယ်။ နိုင်ငံရေးဆိုတာ ချက်ချင်းကောက်ပြီးတော့ ကြိုပြီးဆုံးဖြတ်လို့မရပါဘူး။ အခြေအနေကို ကျွန်တော်တို့ကြည့်ရမှာဖြစ်ပါတယ်။

**မေး။** ။ ဒီစီးပွားရေးနဲ့ပတ်သက်ပြီးတော့ လက်ရှိကမ္ဘာမှာ အားလုံးရင်ဆိုင်နေရတဲ့ လောင်စာဆီတင်သွင်းခြင်း ဖြေရှင်းနေရတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံက ရုရှားနိုင်ငံနဲ့ပူးပေါင်းဆောင်ရွက်သွားမယ်လို့ ကြားသိထားရပါတယ်။ ကြားသိတဲ့အချိန်မှာ မြန်မာနိုင်ငံအနေနဲ့ ရုရှားနိုင်ငံက လောင်စာဆီဝယ်ယူတင်သွင်းမှုရှိနေပါပြီလား။ ဝယ်ယူတင်သွင်းတဲ့အချိန်မှာ ရုရှားနိုင်ငံက သတ်မှတ်ထားသလို ရူဘယ်လ်ငွေကြေးနဲ့ပဲ ပေးချေသွားနိုင်မှု ရှိပါသလား။

**ဖြေ။** ။ ကျွန်တော်တို့ ရုရှားနိုင်ငံကနေ လောင်စာဆီဝယ်ဖို့အတွက် ဆောင်ရွက်နေတာ ခရီးတော်တော်ရောက်နေပါပြီ။ ရက်ပိုင်းအတွင်းမှာ မြန်မာနိုင်ငံကို ရောက်မှာဖြစ်ပါတယ်။ ဆက်ပြီးတော့ ဝယ်ယူသွားဖို့လည်းရှိပါတယ်။ ငွေပေးချေရေးနဲ့ပတ်သက်ပြီး ကျွန်တော်တို့ကတော့ ရုရှားနိုင်ငံကလက်ခံတဲ့ ငွေကြေးနဲ့ပေးမှာဖြစ်ပါတယ်။ ရူဘယ်လ်နဲ့ပေးရမယ်ဆိုရင်လည်း ရူဘယ်လ်နဲ့ရအောင် ကျွန်တော်တို့ စီစဉ်ပြီးပေးမှာဖြစ်ပါတယ်။ ကျွန်တော်က ရူဘယ်လ်နဲ့ပေးချေဖို့ ပိုပြီးဆန္ဒရှိပါတယ်။ တခြားငွေကြေးနဲ့ဆို ကန့်သတ်ချက်ရှိနေပါတယ်။ ကျွန်တော်တို့ကတော့ ဒီနည်းလမ်းကိုရအောင် ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။** ။ ရုရှားနိုင်ငံနဲ့ မြန်မာနိုင်ငံရဲ့ သံတမန်ဆက်ဆံရေးကလည်း နှစ်ပေါင်းရှည်ကြာခဲ့ပြီဖြစ်ပါတယ်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဟာ အအောင်မြင်ဆုံးကဏ္ဍနဲ့ အဓိကအခြေခံကဏ္ဍအဖြစ် ရပ်တည်ခဲ့ပါတယ်။ စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍဟာဆိုရင်လည်း ဆက်လက်ဖွံ့ဖြိုးတိုးတက်လျက်ရှိပါတယ်။ ဒီနေရာမှာ နောက်ဆုံးဖြစ်ပေါ်နေတဲ့ ကမ္ဘာ့ပထဝီနိုင်ငံရေး အခြေအနေအရ မြန်မာနိုင်ငံအနေနဲ့ ရုရှားနိုင်ငံကနေမှ နောက်ဆုံးပေါ် ခေတ်မီစစ်လက်နက်ပစ္စည်းတွေ၊ ကာကွယ်ရေးပစ္စည်းတွေ ထပ်မံဝယ်ယူသွားဖို့ရှိပါသလား။ သိချင်ပါတယ်။ ဒေသအတွင်းအခြေအနေနဲ့ ကမ္ဘာ့ပထဝီနိုင်ငံရေး ချိန်ညှိမှုမှာ မြန်မာနိုင်ငံအနေနဲ့ ရုရှားကာကွယ်ရေးဝန်ကြီးဌာနရဲ့ ကိုယ်စားလှယ်အဖွဲ့တွေ၊ အခြေစိုက်ဌာနချုပ်တွေကို မြန်မာနိုင်ငံနယ်နိမိတ်အတွင်းမှာ လက်ခံဆောင်ရွက်သွားဖို့ ရှိ၊ မရှိ သိလိုပါတယ်။

**ဖြေ။** ။ မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံရဲ့ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေမှု နယ်ပယ်ကတော့ ဆယ်စုနှစ် နှစ်ခုကျော်လောက်ဖြစ်သွားပြီ။ တော်တော်လေးလည်း အရှိန်အဟုန်ရလာပါပြီ။ ရုရှားနိုင်ငံကထုတ်တဲ့ ကာကွယ်ရေးပစ္စည်းတွေက တကယ်အဆင့်အတန်းလည်းမြင့်ပါတယ်။ နိုင်ငံတော်ကာကွယ်ဖို့အတွက်လည်း အထောက်အကူရပါတယ်။ ကျွန်တော်လည်းနှစ်ခြိုက်ပါတယ်။ ဆက်လက်ပြီးတော့ တိုးချဲ့ဆောင်ရွက်သွားဖို့တွေရှိကြောင်း ပြောလိုပါတယ်။ နောက် မြန်မာနိုင်ငံမှာ နိုင်ငံခြားတပ်ဖွဲ့ဝင်တွေ တပ်စွဲနေရာချထားရေး ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ရဲ့ အခြေခံဥပဒေမှာ ခွင့်ပြုထားတာမရှိပါဘူး။ အခြေခံဥပဒေကို ကျွန်တော်တို့ကျော်လွန်ပြီး လုပ်လို့မရပါဘူး။ အခြေခံဥပဒေအရလည်း ဘောင်အတွင်းမှာပဲ အကောင်းဆုံး ဘယ်လိုပူးပေါင်းဆောင်ရွက်မလဲဆိုတာကို နည်းလမ်းရှာရမှာဖြစ်ပါတယ်။ စခန်းချဖို့တော့ ကျွန်တော်တို့မပေးထားပါဘူး။ ပူးပေါင်းဆောင်ရွက်မယ့်နယ်ပယ်တွေ၊ အခွင့်အလမ်းတွေ အလားအလာရှိပါတယ်ဆိုတာကို ကျွန်တော်တွေ့ပါတယ်။

**မေး။** ။ နောက်ဆုံး ပထဝီနိုင်ငံရေးအခြေအနေမှာ အမေရိကန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံက အခုလို ရုရှားနိုင်ငံနဲ့ ပိုမိုတိုးမြှင့် ပူးပေါင်းဆောင်ရွက်နေတာကို မကျေမနပ်ဖြစ်နေတဲ့ အခြေအနေလေးတွေတွေ့ရှိရပါတယ်။ ဥပမာ– အမေရိကန်နိုင်ငံက ထုတ်ဖော်ခဲ့တဲ့ ထုတ်ဖော်ချက်တစ်ရပ်မှာ အခုလိုရုရှားနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်နေတာဟာ မြန်မာနိုင်ငံအနေနဲ့ အာဆီယံနိုင်ငံနဲ့ပူးပေါင်းဆောင်ရွက်မှုကို အနှောင့်အယှက်ဖြစ်စေတယ်လို့ ထုတ်ပြန်ပြောကြားနေတာတွေရှိပါတယ်။ ဘာကြောင့်မို့ အမေရိကန်အစိုးရအနေနဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရနဲ့ မြန်မာအစိုးရကြား ပူးပေါင်းဆောင်ရွက်မှုကို ဝင်ရောက်စိတ်ပူပန်နေရတယ်ဆိုတာကိုလည်း ဆွေးနွေးပေးစေလိုပါတယ်။

**ဖြေ။** ။ အတိတ်ကို နည်းနည်းလောက်ပြန်ကြည့်ရင်တော့ တွေ့နိုင်တယ်။ အထူးသဖြင့် တခြားကမ္ဘာ့နိုင်ငံပေါ့ဗျာ။ အာဆီယံဒေသမှာဖြစ်ပွားခဲ့တဲ့အခြေအနေကို ကျွန်တော်သုံးသပ်ပြပါမယ်။ ပြီးခဲ့တဲ့အတိတ်ကာလမှာ အာဆီယံနိုင်ငံ၊ အရှေ့တောင်အာရှဒေသနိုင်ငံတွေမှာလည်း အခုမှသာ တည်ငြိမ်အေးချမ်းမှုရှိနေတာပါ။ အရင်ကတော့ တည်ငြိမ်အေးချမ်းမှု မရှိ ပဋိပက္ခတွေ ဖြစ်နေတဲ့ဒေသတွေရှိတယ်။ အဲဒီတော့ ပဋိပက္ခဖြစ်နေတဲ့အချိန်မှာ တည်ဆဲအစိုးရကို ဆန့်ကျင်နေတဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေကို အမေရိကန်မှာခေါ်ပြီးတော့ အားပေးအားမြှောက်ပြုပြီး ထောက်ပံ့ပေးခဲ့တာတွေ သာဓကတွေ အများကြီးရှိခဲ့ပါတယ်။ အမေရိကန်နိုင်ငံမှာလည်း သက်ဆိုင်ရာနိုင်ငံတွေကို ဆန့်ကျင်တဲ့အဖွဲ့အစည်းတွေ လူပုဂ္ဂိုလ်တွေကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်ပြီးတော့သော်လည်းကောင်း အားပေးအားမြှောက်ပြုနေတာအခုထိရှိတယ်။ ဒါပေမဲ့ ဆိုဗီယက်ခေတ်ကိုပဲကြည့်ကြည့်၊ ရုရှားရဲ့ လက်ရှိခေတ်ကိုပဲကြည့်ကြည့်၊ ကာလကိုပဲကြည့်ကြည့် အရှေ့တောင်အာရှနိုင်ငံတွေရဲ့ နိုင်ငံရေးတည်ငြိမ်မှုကို ပျက်ပြားစေနိုင်တဲ့ အဖွဲ့အစည်းတွေကို အားပေးအားမြှောက်ပြုနေတာကို ရုရှားနိုင်ငံက လက်ခံပြီးတော့ ဆောင်ရွက်တာမတွေ့ပါဘူး။ ဒါသိသာတဲ့ အခြေအနေတစ်ရပ်ပဲဖြစ်ပါတယ်။ အဲဒီတော့ဒါကွာခြားချက်တစ်ခုပါပဲ။ အာဆီယံကလည်း လက်ရှိအခြေအနေမှာ ကမ္ဘာမှာ စီးပွားရေးအားကောင်းတဲ့နယ်မြေတစ်ခုဖြစ်တယ်။ အာဆီယံက သူ့ရပ်တည်ချက်နဲ့သူရှိတယ်။ အာဆီယံရဲ့အားပါသွားမယ်ဆိုရင် ကမ္ဘာ့ရဲ့အခြေအနေနဲ့ အပြောင်းအလဲတစ်ရပ်ကို ဖြစ်သွားစေနိုင်တဲ့ အခြေအနေမျိုးတွေရှိပါတယ်၊ ဒါကြောင့်အာဆီယံဟာ ရုရှားဘက်ကိုမပါဖို့အတွက်လည်း အမေရိကန်က လိုလားပုံရပါတယ်၊ အဲဒီတော့ အာဆီယံအဖွဲ့ဝင်ဖြစ်တဲ့ မြန်မာနိုင်ငံကိုလည်း ဒီလိုပဲယူဆပါလိမ့်မယ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံထဲမှာ ကျွန်တော်တို့ပါပြီးတော့မှ အာဆီယံအဖွဲ့ရဲ့တိုက်တွန်းချက်နဲ့ မြန်မာနိုင်ငံရပ်တည်အောင်လည်း ဆောင်ရွက်နေတာဖြစ်တယ်၊ အဲဒီအာဆီယံနိုင်ငံရဲ့ တိုက်တွန်းချက်တွေကြောင့်လည်း အမေရိကန်က သူတို့ရဲ့နီးစပ်တဲ့ အာဆီယံနိုင်ငံတွေကို တွန်းအားပေးဆောင်ရွက်နေတယ်ဆိုတာလည်း ကျွန်တော်တို့မြင်နေရပါတယ်။ အဲဒီမှာကြည့်ရင်လည်း သူတို့ အမေရိကန်နိုင်ငံက အဓိကပြောဆိုနေတဲ့ ဒီမိုကရေစီရယ်၊ လူ့အခွင့်အရေးရယ် စီးပွားရေးမှာ သူတို့ ကျောထောက်နောက်ခံတဲ့ ဒေါ်လာငွေကြေး ဒါတွေနဲ့ချုပ်ကိုင်ပြီးတော့မှ အပြောင်းအလဲဖြစ်အောင်ကြိုးစားနေတာ ကျွန်တော်တွေ့တယ်။

**မေး။** ။ အာဆီယံနိုင်ငံတွေနဲ့ပတ်သက်ပြီး ဆွေးနွေးရမယ်ဆိုရင် အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ မြန်မာနိုင်ငံရဲ့ပြည်တွင်းရေး၊ နိုင်ငံရေးတည်ငြိမ်မှုအတွက် ဘယ်လိုအထောက်အကူပြုနိုင်သလဲဆိုတာလည်း သိရှိလိုပါတယ်၊ ဘာကြောင့်လဲဆိုတော့ မကြာသေးမီအချိန်က အာဆီယံကကျင်းပတဲ့အခမ်းအနားတစ်ခုကို မြန်မာနိုင်ငံက ကိုယ်စားလှယ်အဖွဲ့ကို ဖိတ်ကြားခြင်းမပြုတဲ့ သတင်းကို ကြားလိုက်ရပါတယ်။ ဒါတွေဟာဆိုလို့ရှိရင် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့အနေနဲ့ မြန်မာနိုင်ငံရဲ့ပြည်တွင်းတည်ငြိမ်ရေးကို ပိုမိုပြီးတော့ ယုတ်လျော့စေတယ်လို့ သုံးသပ်မိပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီးတော့ အာဆီယံနိုင်ငံတွေ စတင်ဖွဲ့စည်းခဲ့တဲ့အချိန်ကထားရှိခဲ့တဲ့ ပဋိညာဉ်နဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ စည်းမျဉ်းစည်းကမ်းချက်တွေနဲ့ ကိုက်ညီမှုရှိပါသလား ဘယ်လိုမျိုး သုံးသပ်ပါသလဲ။

**ဖြေ။** ။ ကျွန်တော်တို့က ၁၉၉၇ ခုနှစ်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တယ်။ ကျွန်တော်တို့ဟာ အာဆီယံပဋိညာဉ်ကို ကျွန်တော်တို့အလေးထားလိုက်နာဆောင်ရွက်ပါတယ်၊ အာဆီယံရဲ့ ပဋိညာဉ်မှာ ASEAN ရဲ့ Way၊ ASEAN ရဲ့ Spirit၊ ASEAN practice ဒီလိုရှိတယ်၊ ဒါတွေကျွန်တော်တို့က လိုက်နာပါတယ်။ အာဆီယံ ပဋိညာဉ်မှာလည်း အတိအကျဖော်ပြထားတယ်၊ မြန်မာနိုင်ငံကနေပြီးတော့ ဒီအပေါ်မှာကျော်လွန်လုပ်တာတစ်ခုမှ ကျွန်တော်တို့မရှိဘူး၊ တကယ်လို့သာ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက အာဆီယံပဋိညာဉ်ကိုသာ လိုက်နာမယ်ဆိုရင် ဒီလိုပြဿနာတွေ ဖြစ်လာစရာ အကြောင်းမရှိဘူး။ ကျွန်တော်တို့အစိုးရ အခုရှိနေတာ ၂၀၀၈ ခုနှစ် အခြေခံဥပဒေအရ ရှိနေခြင်းဖြစ်တယ်၊ ဒါဟာ အသိအမှတ်ပြုရမယ်၊ ဒါကျွန်တော်တို့ဟာ ပြည်သူက အသိအမှတ်ပြုထားတဲ့အခြေခံဥပဒေအရ အရေးယူဆောင်ရွက်ထားတာဖြစ်တယ်၊ ဒီအပေါ်မှာ မျက်ကွယ်ပြုပြီးတော့မှ သူတို့ရွေးကောက်တင်မြှောက်ပွဲဆိုင်ရာ ရလဒ်တွေအပေါ်မှာဖြစ်ပေါ်လာတဲ့ သဘောထားကွဲလွဲနေမှုအပေါ်မှာ သူတို့ဒါကို တုံ့ပြန်မှုတွေကတော့ သူတို့ရဲ့ အာဆီယံရဲ့ပဋိညာဉ်နဲ့မကိုက်ဘူးလို့ ပြောချင်ပါတယ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rossiya Segodnya သတင်းအေဂျင်စီ RIA သတင်းဌာန၏ တွေ့ဆုံမေးမြန်းမှုများကို လက်ခံဖြေကြားစဉ်။

စာမျက်နှာ ၄ သို့ ✻

✻ စာမျက်နှာ ၃ မှ

**မေး။ ။ အခုလက်ရှိ ပြည်တွင်းနိုင်ငံရေးအခြေအနေ ထိန်းသိမ်းမှုအပိုင်းမှာ ဒီလို အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ ကိုယ်စားလှယ်တွေနဲ့ ကြားဝင်ဖြေရှင်းပေးဖို့ လိုအပ်ချက်ရှိပါသလား ဒါမှမဟုတ် ကြားဝင်ဖြေရှင်းမှုမှာ ပိုပြီးတော့ အနှောင့်အယှက်ဖြစ်နိုင်ပါသလား။**

ဖြေ။ ။ ကြားဝင်ဖြေရှင်းပေးမှုဆိုတာ ဒါကျွန်တော်တို့ရဲ့ ပြည်တွင်းရေးတစ်ခုပဲ၊ အာဆီယံက သူများရဲ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ဖို့တော့မရှိဘူး၊ သို့သော်လည်းပဲ သူတို့လိုချင်ရာ ကောက်ချက်ဆွဲပြီးတော့မှ ကျွန်တော်တို့ကို ပြီးခဲ့တဲ့နှစ်က အာဆီယံထိပ်သီးအစည်းအဝေးမှာ ဘုံသဘောတူညီချက် ၅ ရပ်ကို ဆောင်ရွက်ခဲ့တာ ရှိပါတယ်၊ တချို့ဟာတွေက ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေတဲ့ ကိစ္စတွေဖြစ်နေတာတွေ့ရတယ်၊ သို့သော်လည်းပဲ တတ်နိုင်သလောက် ကျွန်တော်တို့လုပ်နိုင်တဲ့ နည်းလမ်းတွေအားလုံးကို ကျွန်တော်တို့ ဖြေရှင်းဆောင်ရွက်တာတွေရှိတယ်၊ သင့်တော်တဲ့နည်းလမ်းတွေမှာ သူတို့ဝင်ရောက်ကူညီပေးမယ်ဆိုရင် ဘာမှလက်မခံနိုင်စရာအကြောင်းမရှိဘူး၊ သို့သော်လည်းပဲ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ တရားဥပဒေစိုးမိုးရေး တည်ဆဲဥပဒေကိုမှ ကျော်လွန်ပြီးတော့မှ ဆောင်ရွက်ပေးတဲ့ကိစ္စမျိုးဆိုရင်တော့ ဘယ်လိုလုပ်ခွင့်ပြုမလဲ၊ ဘယ်နိုင်ငံမှလည်း ဒီလိုခွင့်ပြုမှာမဟုတ်ဘူး၊ ဒါကြောင့် ဆောင်ရွက်လို့ရတဲ့နယ်ပယ်ဆိုရင် ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်ပေးမယ်၊ ဆောင်ရွက်ခြင်းမပြုနိုင်တဲ့နယ်ပယ်ဆိုရင်လည်း ကျွန်တော်တို့ရအောင် ကျွန်တော်တို့ဘာသာ ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ဒီအနောက်နိုင်ငံအပါအဝင် အခြားသော အနောက်နိုင်ငံတွေရဲ့ အထောက်အပံ့ကိုယူထားတဲ့ နိုင်ငံတွေရဲ့မီဒီယာတွေအနေနဲ့ မြန်မာနိုင်ငံရဲ့ ယခင်အစိုးရရဲ့ ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကိစ္စနဲ့ပတ်သက်ပြီးတော့ အမြဲတမ်း ထုတ်ဖော်ရေးသားချက်တွေကို တွေ့နေရပါတယ်။ မြန်မာနိုင်ငံမှာ သတ်မှတ်ထားတဲ့ တည်ဆဲဥပဒေတွေအရ မဲမသမာမှုကို အဓိကဖြစ်ပေါ်စေခဲ့တဲ့အတွက် တရားဥပဒေနဲ့အညီ အရေးယူဆောင်ရွက်နေတယ်ဆိုတာကိုလည်း သဘောပေါက်နားလည်ပါတယ်။ မကြာသေးမီကလည်း နေအိမ်အကျယ်ချုပ်မှ အကျဉ်းထောင်သို့ပို့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်မျိုးလည်း ချမှတ်ခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဘယ်လိုပြောင်းလဲပြင်ဆင်သတ်မှတ်သွားဖို့ရှိတယ်ဆိုတာလည်း သိရှိလိုပါတယ်။**

ဖြေ။ ။ ဒေါ်အောင်ဆန်းစုကြည်ကို စပြီးအရေးယူတဲ့အချိန်တုန်းကတော့ ကျွန်တော်တို့ ရွေးကောက်ပွဲရလဒ်ပေါ်မူတည်ပြီးတော့ ဖြစ်ပေါ်ခဲ့တဲ့အခြေအနေပေါ်မှာ စိစစ်ပြီးဆောင်ရွက်တာဖြစ်တယ်။ အထူးသဖြင့် ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ အခြေအနေပေါ့။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ စိစစ်တွေ့ရှိချက်တွေကို ဖြေရှင်းနိုင်ဖို့ သူ့ကိုလည်း ကျွန်တော်တို့ အကြိမ်ကြိမ်ပြောခဲ့ပါတယ်။ ဒါပေမဲ့ ဒါကိုမျက်ကွယ်ပြုခဲ့ပါတယ်။ မျက်ကွယ်ပြုခဲ့တော့ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှာ အခက်အခဲတွေ၊ နိုင်ငံရေးအကျပ်အတည်းတွေ ဖြစ်စေခဲ့တာပေါ့။ အဲဒီတော့ ဖြစ်လာပြီဆိုကတည်းက ကျွန်တော်တို့က သက်သေပြရတော့မှာပေါ့။ ဒါသူ့မှာတာဝန်ရှိတယ်ဆိုတာကို ကျွန်တော်တို့က ဥပဒေလမ်းကြောင်းက ကျွန်တော်တို့ သက်သေပြရတယ်။ စစ်ရင်းနဲ့ပါ တစ်ခါထပ်ပြီး ရွေးကောက်ပွဲဥပဒေ ကျွန်တော်တို့အဲ့ဒီမှာလည်း သက်ညှာမှုတွေ ကျွန်တော်လုပ်ခဲ့ပါတယ်။ ပထမဦးဆုံးစဖြစ်တဲ့အချိန်မှာ သက်ညှာမှုတွေပေးတယ်။ ဒါပေမဲ့ အဲ့လိုစစ်ရင်းနဲ့ တွေ့ရှိလာတဲ့အခြေအနေပေါ်မှာ တခြားကိစ္စတွေပါ ပါလာတာကို ကျွန်တော်တို့တွေ့ခဲ့တယ်။ အထူးသဖြင့် အဂတိလိုက်စားမှု ဥပဒေနဲ့ပတ်သက်တာတွေ ပါလာတာတွေ့ရတယ်။ ဒါကြောင့် ဒါကျတော့ ကျွန်တော်တို့က ဥပဒေကြောင်းအရ အရေးယူရတာတွေ ဖြစ်လာတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ သူ့ကိုတရားဥပဒေအရပဲ ကျွန်တော်တို့က အရေးယူဆောင်ရွက်တယ်ဆိုတာလေးလည်း ပြောလိုပါတယ်။ အခုနေအိမ်အကျယ်ချုပ်ဆိုတာလည်း စတင်စစ်ဆေးတဲ့အချိန်မှာ နေအိမ်အကျယ်ချုပ် ကျွန်တော်တို့ထားတာပေါ့။ ပြီးတော့မှ ဥပဒေအရ ဆောင်ရွက်တဲ့ဟာတွေ ဖြစ်ပါတယ်။ ထပ်ပြီးတော့ ဆုံးဖြတ်မယ်ဆိုတာမျိုးတော့ အခုချိန်မှာပြောဖို့ စောပါသေးတယ်။ နောက်ဆုံးအားလုံးအမှုတွေပြီးပြီ အခြေအနေအားလုံး ပြီးပြီဆိုလာမှ ကျွန်တော်တို့ပြောလို့ရပါလိမ့်မယ်။

**မေး။ ။ နောက်ဆုံးမေးခွန်းအနေနဲ့မေးလိုတာကတော့ မကြာသေးမီက မြန်မာနိုင်ငံမှာ ယခင် NLD ပါတီဝင်ဟောင်း လေးဦးနဲ့ပတ်သက်ပြီးတော့ အပြင်းထန်ဆုံးပြစ်ဒဏ်ကို ချမှတ်ခဲ့တယ်ဆိုတာလည်း ဒီသတင်းတွေမှာ ဖတ်ရှုရပါတယ်။ ဘာကြောင့်မို့ ဒီလို အပြင်းထန်ဆုံးပြစ်ဒဏ်ကို ပေးခဲ့ရလဲဆိုတဲ့ အခြေအနေလေးတွေ သိရှိလိုပါတယ်။**

ဖြေ။ ။ No One Above the Law မည်သူမျှ တရားဥပဒေအထက်မှာ မရှိဘူးဆိုတဲ့ စကားလေးတစ်ခု ရှိပါတယ်။ သူတို့ပြစ်ဒဏ်စီရင်ခြင်းခံရတဲ့ လေးယောက်နဲ့ပတ်သက်လို့ရှိရင် ဒီလေးယောက်မှာ နှစ်ပိုင်းခွဲတွေ့ပါတယ်။ အုပ်စုပေါ့လေ။ တစ်အုပ်စုကတော့ ခုနကမေးတဲ့အထဲမှာ NLD ပါတီဝင်ဆိုတဲ့ အမာခံပါတီဝင် ခေါင်းဆောင်ပိုင်းပါတီဝင်ပေါ့လေ။ သူတို့တွေနဲ့ပတ်သက်တာဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာလည်း နိုင်ငံမှာဖြစ်ပေါ်လာခဲ့တဲ့ ဆူပူအကြမ်းဖက်မှုနဲ့ ပတ်သက်ပြီးတော့ ဒီအထိကတော့ ကျွန်တော်တို့အနေနဲ့ ဘာမှပြဿနာမရှိဘူး။ သို့သော်လည်းပဲ သတ်ဖြတ်တဲ့အချိန်၊ မိုင်းထောင်ဖောက်ခွဲ သတ်ဖြတ်တဲ့ အခြေအနေမျိုးကျရင်တော့ ဘာ့ကြောင့် ဒီပြဿနာဖြစ်လာလဲဆိုတာ ကျွန်တော်တို့ ဒီအဖြေထုတ်ရမယ်။ အဲဒီတော့ ကျွန်တော်တို့ အဖြေထုတ်တဲ့အခါမှာ ဒီလူတွေက အကြမ်းဖက်သတ်ဖြတ်မှုအတွက် တစ်အချက် စီမံဆောင်ရွက်ခဲ့တာတွေရှိတယ်။ သူတို့အားပေးခဲ့တာရှိတယ်။ သူတို့ရဲ့ လုပ်ဆောင်ချက်တွေကြောင့် ပြည်သူတွေ အများကြီး သေကျေခဲ့တာရှိတယ်။ သေတဲ့အထဲမှာ နိုင်ငံ့ဝန်ထမ်းတွေပါတယ်။ အပြစ်မဲ့တဲ့ပြည်သူတွေပါတယ်။ နောက် ဆရာ ဆရာမတွေပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေပါတယ်။ ရဟန်းသံဃာတွေပါတယ်။ သီလရှင်တွေပါတယ်။ ဒါတွေက သူတို့ရဲ့ ကြံစည်မှုတွေကြောင့်၊ သူတို့ရဲ့အားပေးမှုတွေကြောင့်၊ သူတို့ရဲ့စီမံမှုတွေကြောင့် ဖြစ်လာခဲ့တဲ့ဟာတွေဖြစ်တယ်။ ဒါတွေကတော့ ဥပဒေအရလည်း အရေးယူရမှာဖြစ်ပါတယ်။ ထို့အတူပဲ နောက်နှစ်ယောက်လည်း ရက်ရက်စက်စက်နဲ့ လူသတ်တဲ့ကိစ္စဖြစ်ပါတယ်။ ခင်ဗျားကို ကျွန်တော်ဥပမာတစ်ခု ပြောပြမယ်။ လူတစ်ယောက်ကို သတ်တယ်ပေါ့နော်။ သေနတ်နဲ့ပစ်သတ်မယ်။ တစ်ချက်ချင်းပစ်တယ်။ တစ်ချက်တည်းပစ်ပြီး သေသွားတဲ့ဟာရှိမယ်။ မသေတာလည်းရှိမယ်။ တစ်ချက်ထိပြီးတော့ သူရှောင်သွားမယ်။ သို့သော်လည်း သူ လူသတ်တာပဲ။ သို့သော် နှစ်ချက်ပစ်မယ်၊ သုံးချက်ပစ်မယ်၊ လေးချက်ပစ်မယ်၊ ငါးချက်ပစ်မယ်ဆိုရင်တော့ ဒါတော့ တကယ့်ကို သေအောင် လုပ်တဲ့ရည်ရွယ်ချက်နဲ့ လုပ်တာဖြစ်တယ်။ အခုလုပ်တဲ့သူတွေက အဲ့ဒီလို လူတွေဖြစ်ပါတယ်။ တစ်ချက်နဲ့မဟုတ်ဘဲနဲ့ နှစ်ချက်၊ သုံးချက်၊ လေးချက်၊ ငါးချက် သေနတ်နဲ့ပစ်တယ်၊ ဓားနဲ့ထိုးတယ်၊ ဒီလိုလူမျိုးကို ကျွန်တော်တို့ အပြစ်ပေးခြင်းဖြစ်ပါတယ်။ ခင်ဗျားတို့ ဘယ်လို ဒီလိုလူမျိုးကို ဘယ်လိုလုပ် ခွင့်လွှတ်လို့ရတော့မလဲ။ သူတို့သတ်ထားတဲ့ လူတွေရဲ့ မိသားစုတွေ ဘယ်လိုခံစားရမလဲ။ ဒါလည်း သူတို့ပြန်ကြည့်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အရင်က မလုပ်ခဲ့ဘူး။ သို့သော်လည်းပဲ ဒီတစ်ခါမှာ ရက်ရက်စက်စက်ကို လုပ်လွန်းအားကြီးတဲ့အတွက်ကြောင့် ဒီပြစ်ဒဏ်ကိုပေးဖို့အတွက် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါတယ်။


ဒီအင်တာဗျူးမေးခွန်းတွေကို စိတ်ရှည်လက်ရှည်နဲ့ ပြည့်ပြည့်စုံစုံ ဖြေကြားပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ ။

**အာဆီယံက သူများရဲ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ဖို့တော့မရှိဘူး၊ သို့သော်လည်းပဲ သူတို့လိုချင်ရာ ကောက်ချက်ဆွဲပြီးတော့မှ ကျွန်တော်တို့ကို ပြီးခဲ့တဲ့နှစ်က အာဆီယံထိပ်သီးအစည်းအဝေးမှာ ဘုံသဘောတူညီချက် ၅ ရပ်ကို ဆောင်ရွက်ခဲ့တာ ရှိပါတယ်၊ တချို့ဟာတွေက ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေတဲ့ ကိစ္စတွေဖြစ်နေတာတွေ့ရတယ်၊ သို့သော်လည်းပဲ တတ်နိုင်သလောက် ကျွန်တော်တို့လုပ်နိုင်တဲ့ နည်းလမ်းတွေအားလုံးကို ကျွန်တော်တို့ ဖြေရှင်းဆောင်ရွက်တာတွေရှိတယ်၊ သင့်တော်တဲ့နည်းလမ်းတွေမှာ သူတို့ဝင်ရောက်ကူညီပေးမယ်ဆိုရင် ဘာမှလက်မခံနိုင်စရာအကြောင်းမရှိဘူး၊ သို့သော်လည်းပဲ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ တရားဥပဒေစိုးမိုးရေးတည်ဆဲဥပဒေကိုမှ ကျော်လွန်ပြီးတော့မှ ဆောင်ရွက်ပေးတဲ့ကိစ္စမျိုးဆိုရင်တော့ ဘယ်လိုလုပ်ခွင့်ပြုမလဲ၊ ဘယ်နိုင်ငံမှလည်း ဒီလိုခွင့်ပြုမှာမဟုတ်ဘူး**

# စိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ခေတ်မီနည်းစနစ်များဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်

**လှိုင်ကော် စက်တင်ဘာ ၁၃**

ပြည်နယ်အတွင်းတွင် အဓိကသီးနှံများနှင့် ဆီထွက်သီးနှံဖြစ်သည့် နေကြာစိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်း ကောင်းစေသည့် နည်းလမ်းများကိုအသုံးပြုဆောင်ရွက်ရမည်ဖြစ်ကြောင်း ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ယနေ့နံနက် ၁၀ နာရီတွင် ကယားပြည်နယ်ခန်းမ၌ ကျင်းပသည့် ဆောင်းနေကြာစိုက် တောင်သူများအား နေကြာမျိုးစေ့ အခမဲ့ ထောက်ပံ့ပေးအပ်ခြင်းနှင့် ယူရီးယားဓာတ်မြေဩဇာများကို သက်သာသော နှုန်းထားဖြင့် ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားတွင် ပြောကြားသည်။



ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံ့စီးပွား ပြန်လည်မြှင့်တင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသော စိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ခေတ်မီနည်းစနစ်များဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးကိုရှေးရှုပြီး လုပ်ငန်းလိုအပ်ချက်များကို စိုက်ပျိုးရေးရာသီများအလိုက် ကဏ္ဍမျိုးစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

**အခမဲ့ထောက်ပံ့ပေးအပ်**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် တာဝန်ရှိသူတို့က လွိုင်ကော်မြို့နယ်ရှိ မထောခူကျေးရွာ၊ လောခလေးကျေးရွာ၊ နွားလဝိုးကျေးရွာ၊ ဒီးမော့ဆိုမြို့နယ်ရှိ နန်းမယ်ခုံကျေးရွာ၊ အိုကေကျေးရွာ၊ ဒေါဘူးကူးကျေးရွာ၊ မြလဲကျေးရွာ၊ ဆောင်ဒူရွာသစ်ကျေးရွာနှင့် ဖရူဆိုမြို့နယ် ထီးပေါ်ဆိုကျေးရွာ အုပ်စုရှိ တောင်သူများအား နေကြာမျိုးစေ့ အခမဲ့ ထောက်ပံ့ပေးအပ်ပြီး ယူရီးယားဓာတ်မြေဩဇာများကို သက်သာသော နှုန်းထားဖြင့် တောင်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တာဝန်ရှိသူများနှင့် တောင်သူများက စိုက်ပျိုးရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စိုက်ပျိုးရေး ပြခန်းများ၊ နေကြာဆီကြိတ်စက် လက်တွေ့သရုပ်ပြဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# စီမံကိန်းများနှင့် စီမံချက်များ အကောင်အထည်ဖော်ရာတွင် ပြည်သူ့ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး စနစ်တကျ ချွေတာသုံးစွဲကြရမည်

**နေပြည်တော် စက်တင်ဘာ ၁၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

**စနစ်တကျဆောင်ရွက်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အဆောက်အအုံဆောက်လုပ်ရာ၌ ရေရှည်တည်တံ့ကောင်းမွန်စေရေး စနစ်တကျမြော်တွေးဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထိန်းသိမ်းရေးအပိုင်းကိုလည်း မှတ်တမ်းအထောက်အထားများဖြင့် စနစ်တကျဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

လမ်းများတည်ဆောက်ရာတွင် လမ်းအင်္ဂါရပ်များနှင့်ညီညွတ်ရန်၊ လမ်းမကြီးများ ဥပဒေနှင့်အညီ လမ်းနယ်များ မှန်ကန်ရေး စနစ်တကျသတ်မှတ်ထားရှိရန်၊ လမ်းဘေး ဝဲ / ယာ သစ်ပင်များကိုလည်း သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်နိုင်ရန်နှင့် ရေနုတ်မြောင်းများ စနစ်တကျရှိစေရန် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခံနိုင်ဝန်ရှိရန်၊ ရေရှည်ခိုင်ခံ့မှုရှိစေရန်၊ သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ စနစ်တကျ တည်ဆောက်ရန်၊ တံတားအကျယ်မှန်ကန်ရန်နှင့် သဘာဝဘေးအန္တရာယ်ခံနိုင်မှုရှိစေရန် ထည့်သွင်းစဉ်းစား တွက်ချက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများ ပင်စင်ယူချိန်တွင်နေထိုင်ရန် အိမ်ရာများရှိရန်၊ တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများရရှိရန်နှင့် ပြည်သူများအတွက် တန်ဖိုးသင့်အိမ်ရာများရရှိရန် စဉ်းစားဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လမ်းညွှန်မှာကြားချက် အသေးစိတ်အချက်အလက်များကို အလေးထားလိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကုန်ထုတ်လမ်းများ၊ ကုန်သွယ်လမ်းများ ကောင်းမွန်စွာ အသုံးပြုနိုင်ရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အလားအလာကောင်းသည့် လမ်းနှင့် တံတားသစ်များ တည်ဆောက်နိုင်ရန် လိုအပ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းစိစစ်တင်ပြကြရမည်ဖြစ်ကြောင်း။

တံတားဟောင်းများ၏ ခံနိုင်ဝန်မြှင့်တင်တည်ဆောက်ရန် လိုအပ်သည့်နည်းတူ အဖျက်အမှောင့်များကြောင့် ပျက်စီးသွားသည့် လမ်းနှင့် တံတားများကိုလည်း အချိန်တိုအတွင်း ပြန်လည်အသုံးပြုနိုင်အောင် ပြင်ဆင်ပေးရမည်ဖြစ်ကြောင်း၊ စီမံကိန်းများနှင့် စီမံချက်များ အကောင်အထည်ဖော်ရာတွင် ပြည်သူ့ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး စနစ်တကျချွေတာ သုံးစွဲကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဝင်းဖေက ဝန်ထမ်းများအနေဖြင့် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို အထူးအလေးထားလိုက်နာကြရမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးကဏ္ဍသည် အရေးကြီးသည့်အတွက် ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားပြီး အမြဲတမ်းအတွင်းဝန်က ဝန်ကြီးဌာန၏ မူဝါဒများ၊ ရည်မှန်းချက်များ၊ ဦးတည်ချက်များ၊ လုပ်ငန်းတာဝန်များနှင့် ဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ညွှန်ကြားရေးမှူးများက အဆောက်အအုံ၊ လမ်း၊ တံတားနှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်မှုအခြေအနေ၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများ၊ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည့်အချက်များကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးဌာနတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ခေါင်းဆောင် အင်ဂျင်နီယာချုပ်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးအကြောင်း ဆွေးနွေးတင်ပြရာ ညွှန်ကြားရေးမှူးချုပ်များက ပြန်လည်သုံးသပ်ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# မသန်စွမ်းသူမှတ်ပုံတင်လက်မှတ်ရရှိပြီးသူများအား မသန်စွမ်းထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၃**

မိမိတို့၏ သဘောဆန္ဒအလျောက် မသန်စွမ်းသူ မှတ်ပုံတင် လက်မှတ်လျှောက်ထားရယူခဲ့ကြသည့် ပုဗ္ဗသီရိမြို့နယ်မှ မသန်စွမ်းသူ ၂၄၆ ဦးနှင့် လှိုင်သာယာမြို့နယ်မှ မသန်စွမ်းသူ ၄၀၄ ဦး စုစုပေါင်း ၆၅၀ တို့ကို မသန်စွမ်းထောက်ပံ့ကြေး တစ်ဦးလျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ၁၉၅ သိန်းကို ထောက်ပံ့ပေးခဲ့ပြီး ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလမှ ယနေ့အထိ မသန်စွမ်းသူ ၃၉၂၉၇ ဦးအတွက် စုစုပေါင်းငွေကျပ် ၁၃၅ ဒသမ ၄၄၁ သန်း ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ပြောကြား**

မသန်စွမ်းသူ မှတ်ပုံတင်လက်မှတ် ရရှိပြီးသူများအား မသန်စွမ်းထောက်ပံ့ကြေး ပေးအပ်ခြင်း အခမ်းအနားကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်သည် မသန်စွမ်းသူများကို ကြည့်ရှုစောင့်ရှောက်ရမည်ဟု ဖော်ပြထားသည့်အပြင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ၂၀၁၁ ခုနှစ်တွင် အတည်ပြု လက်မှတ်ရေးထိုးခဲ့ပြီး မသန်စွမ်းသူများအတွက် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လူ့အခွင့်အရေး စံနှုန်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် မြို့နယ်ပေါင်း ၃၃၀ ရှိသည့်အနက် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တို့ကို ကနဦးစီမံကိန်းနယ်မြေလေးခုအဖြစ် သတ်မှတ်၍ မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါကြောင်း။

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အရင်းမပျောက်မတည်ငွေကျပ် သုံးဘီလီယံကိုလည်း အလေအလွင့်မရှိ စနစ်တကျ တိုးပွားစေရေးအတွက် ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် အသေးစားငွေရေးကြေးရေးဦးစီးဌာနတို့ပူးပေါင်း၍ တိုးပွားအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မသန်စွမ်းသူများအတွက် အကျိုးပြုလုပ်ငန်းများတွင် ထောက်ပံ့သုံးစွဲသွားမည် ဖြစ်ကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ ငါးနှစ်စီမံကိန်း (၂၀၂၂-၂၀၂၇) ကိုလည်း မကြာမီတွင် မိတ်ဆက်ဖြန့်ချိသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး ပုဗ္ဗသီရိမြို့နယ်ရှိ ရပ်ကွက် ကျေးရွာအုပ်စု ၁၅ ခု၊ လှိုင်သာယာအရှေ့နှင့် လှိုင်သာယာ အနောက်မြို့နယ်တို့မှ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် မသန်စွမ်းကိုယ်စားလှယ်များအား မသန်စွမ်းထောက်ပံ့ကြေး ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# လယ်ဝေးမြို့နယ်အတွင်းရှိ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၏ လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများအား ပေါင်းစပ်ညှိနှိုင်းပေး

**လယ်ဝေး စက်တင်ဘာ ၁၃**

နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ်အတွင်းရှိ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံပြီး ၎င်းတို့ လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများကို ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရှင်းလင်း**

တွေ့ဆုံစဉ် တာဝန်ရှိသူများက လယ်ဝေးမြို့နယ်အတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာနိုင်ရေး၊ မဟာဗျူဟာကျ စီးပွားရေးလုပ်ငန်းများ ဆက်လက်ကြိုးပမ်း ဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အကာအကွယ်ပေးထားမှု အခြေအနေများ၊ အသေးစား စီးပွားရေးလုပ်ကိုင်နိုင်ရန်အတွက် သင်တန်းများ သင်ကြားပို့ချပေးမှုတို့ကို ရှင်းလင်းပြီး အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် စက်မှုလုပ်ငန်းများသည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေကြောင်းနှင့် လုပ်ငန်းရှင်များ၏ စက်မှုလုပ်ငန်းများ အဆင်ပြေစွာလုပ်ကိုင်နိုင်ရန် တတ်နိုင်သမျှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကုမ္ပဏီများ တည်ထောင်မည်ဆိုပါက အသက်သာဆုံးနှုန်းထားဖြင့် နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။ **သတင်းစဉ်**





# ပန်းတိုင်သို့ ချီရာလမ်း လှမ်းလျှောက်ခဲ့သည်

ဝဏ္ဏ(TGI)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗလာဒီဗော့စတော့ခ်မြို့ရှိ အရှေ့ဖျားရေငုပ်သင်္ဘောဌာနချုပ်တွင် ကြည့်ရှုလေ့လာစဉ်။

စက်တင်ဘာ ၅ ရက် ရုရှားစံတော်ချိန်အရ နံနက်ပိုင်းသည် ရာသီဥတုသာယာကြည်လင်လျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပထမဆုံးသွားရောက်လေ့လာမည့်နေရာက Makarov Pacific Higher Naval School ဖြစ်သည်။ လေယာဉ်ခရီးစဉ်ခြောက်နာရီကျော်ကြာ ခရီးနှင်ခဲ့ရသော်လည်း မြန်မာကိုယ်စားလှယ်အဖွဲ့သည် လန်းဆန်းတက်ကြွစွာဖြင့်ပင် လေ့လာရေးခရီးစဉ်ကို စတင်သည်။

**ဖော်ရွေစွာဖြင့်ကြိုဆို**

အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ယာဉ်တန်းသင်တန်းကျောင်းသို့ ရောက်ရှိချိန်တွင် ကျောင်းအုပ်ကြီးဖြစ်သူ Rear-Admiral Vladimir Vasilievich BURAKOV နှင့် တာဝန်ရှိသူများက ဖော်ရွေစွာဖြင့် ကြိုဆိုသည်။ ကျောင်းအတွင်း ဧည့်ခန်းတွင် လျှောက်လမ်းတစ်လျှောက် ကော်ဇောနီခင်း၍ ကြိုဆိုမှုကလည်း အလေးအနက်ထားမှုကို ဖော်ပြနေသည်။ ကျောင်းအုပ်ကြီးက ကျောင်း၏ သင်တန်းသားအဆောင်များနှင့် ဌာနများဖြန့်ခွဲဆောင်ရွက်ထားရှိမှု၊ နှစ်စဉ်သင်တန်းသားများ စိစစ်ရွေးချယ်မှု၊ တက်ရောက်စေမှု၊ သင်တန်းသားများအား သင်တန်းနှစ်အလိုက်ဘာသာရပ်များ သင်ကြားပို့ချနေမှုနှင့် သင်တန်းကျောင်း၏ သမိုင်းအကျဉ်းတို့ကို ရှင်းလင်းတင်ပြသည်။ မြန်မာ့တပ်မတော်(ရေ)နှင့် ရုရှားနိုင်ငံ(ရေ)တပ်တို့၏ သင်ကြားပို့ချပုံ၊ သင်တန်းသားခေါ်ယူမှု၊ လေ့ကျင့်မှုတို့ကိုနှိုင်းယှဉ်၍ အကြီးအကဲ၏ သိလိုသည့်မေးခွန်းများက မနည်းလှ။ အချိန်ခန့်ခွဲမှုအရ လှည့်လည်ကြည့်ရှုရန်လည်း အချိန်ပေးရဦးမည်ဖြစ်၍ အချို့မေးခွန်းများ၊ သိလိုသည်များကို လှည့်လည်ကြည့်ရှုရင်း ဆောင်ရွက်ကြမည်ဟု ပြောရင်း စကားဖြတ်ပြီး လှည့်လည်ကြည့်ရှုမှုကို စသည်။

ကျောင်းဝင်းအတွင်း စာပေသင်ကြားပို့ချမှု၊ သင်ကြား သင်ယူမှု အထောက်အကူပြုပစ္စည်းများ တပ်ဆင်သုံးစွဲမှုများ၊ Multimedia Room များဖြင့် လေ့ကျင့်သင်ကြားပေးမှုများကို ကြည့်ရှုသည်။ မတူညီသည့်ဌာနများအလိုက် ရှင်းလင်းပြသမှုတိုင်းတွင် မြန်မာ့တပ်မတော်နှင့် လေ့ကျင့်ရေး၊ ပညာရေးတို့အတွက် အထောက်အကူပြုစေမည့် မေးခွန်းများမေး၍ သိလိုသည်များကို စူးစမ်းသည်။ စက်မှုလက်မှုပညာရပ်များဖြင့် လက်တွေ့လေ့ကျင့်ဆောင်ရွက်နေမှုများ၊ အုပ်ချုပ်မှုကိစ္စရပ်များဖြစ်သည့် သင်တန်းသားများနေထိုင်မှု၊ ကျွေးမွေးမှုစနစ် တိုင်းတွင်လည်း သိရှိပြီးဖြစ်သည့် အကြောင်းအရာအချို့ပါသည့်တိုင် ပြောင်းလဲလာမှု ရှိ၊ မရှိကို တီးခေါက်မေးမြန်းသည်။

**စေတနာစိတ်ကိုခံစားမြင်ရ**

သင်တန်းကျောင်း၏စာကြည့်တိုက်အား IT စနစ်ဖြင့် ဖွင့်လှစ်ထားမှု၊ သင်တန်းသားများ ကိုယ်တိုင် ဆိုလာစနစ်သုံး ရေယာဉ်စမ်းသပ်မောင်းနှင်မှုတို့အား ကြည့်ရှုချိန်တွင် အမိမြန်မာပြည်၏ အနာဂတ်မျိုးဆက်သစ်များ၊ အဆင့်မြင့်ပညာသင်ကြားကြမည့် တက္ကသိုလ်ကျောင်းသားကျောင်းသူများအတွက်ပါ ရည်ရွယ်သည့်မေးခွန်းများတွင် စေတနာစိတ်ကို ခံစားမြင်ရသည်။ အနာဂတ်မြန်မာနိုင်ငံတော် တည်ဆောက်ရေးတွင် ပညာရေး၏အရေးကြီးပုံကို အလေးအနက်ထားမှုက အထင်းသားရှိသည်။

လှည့်လည်ကြည့်ရှုလေ့လာမှုများအပြီးတွင် ကျောင်း၏ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ထိုး၍ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများအား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်သည်။ တုံ့ပြန်သည့်စေတနာအဖြစ် ကျောင်းအုပ်ကြီးကလည်း လက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်ပြီး သင်တန်းကျောင်းမှ သင်တန်းသားအချို့နှင့် တွေ့ဆုံသည်။ သာမန်တွေ့ဆုံမှုတော့မဟုတ်။ Media သင်တန်းသားများဖြစ်၍ သူတို့သိလိုသည်များကို မေးသည်။ အကြံပြုလိုသည်များကိုလည်း ပေးသည်။ အကြီးအကဲကမူ ပြုံးရွှင်ရယ်မောပေါ့ပါးစွာဖြင့် ဖြေသည်။ အကြံပြုသည်များကို ဆွေးနွေးသည်။ သင်တန်းသားများလည်း လေးနက်သည့်စကား၊ ပေါ့ပါးသည့်ဟန်ဖြင့် တွေ့ရသည်ကပင် ကြည်နူးစရာ။

**အရှေ့ဖျားရေငုပ်သင်္ဘောဌာနချုပ်**

ဒုတိယမြောက် ဆက်လက်လေ့လာသည်က အရှေ့ဖျားရေငုပ်သင်္ဘောဌာနချုပ် Pacific Fleet Headquarters ဖြစ်ပြီး Deputy Commander of Pacific Navy Fleet ဖြစ်သူ Rear-Admiral Vladimir ASTAKHOV နှင့်တာဝန်ရှိသူများက ကြိုဆိုသည်။ ထို့နောက် ရေငုပ်သင်္ဘောဌာနချုပ်အတွင်းတွင်ရှိသည့် ရေငုပ်သင်္ဘောများပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်မှု၊ ကမ်းကပ်ရေငုပ်သင်္ဘောများ၏ အုပ်ချုပ်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုတို့ကို လိုက်လံရှင်းလင်းပြသသည်။ အင်အားတောင့်တင်းသည့် ရေတပ်ပီပီ ရေငုပ်သင်္ဘောများကမနည်းလှ။

> **မြန်မာ့တပ်မတော်(ရေ)သည်လည်း တစ်လှမ်းမကသောခြေလှမ်းအဖြစ် ရေငုပ်သင်္ဘောအချို့ကို ပိုင်ဆိုင်ထားပြီးဖြစ်ရာ မဝေးတော့သည့်ကာလတွင် ရှိသင့်သည့် အင်အားတစ်ခု တောင့်တင်းလာမည်ပင်ဖြစ်သည်။ အနာဂတ်တပ်မတော်(ရေ)အတွက် အကြီးအကဲမျှော်မှန်းမှုများက မေးခွန်းများတွင် သိသာသည်။ အနာဂတ်အတွက်စံပြုရန် သို့မဟုတ် နှိုင်းယှဉ်ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ထားသည့် ယခုလေ့လာမှုသည် အကျိုးရလဒ် မနည်းလှဟုထင်သည်**

မြန်မာ့တပ်မတော်(ရေ)သည်လည်း တစ်လှမ်းမကသောခြေလှမ်းအဖြစ် ရေငုပ်သင်္ဘောအချို့ကို ပိုင်ဆိုင်ထားပြီးဖြစ်ရာ မဝေးတော့သည့်ကာလတွင် ရှိသင့်သည့် အင်အားတစ်ခု တောင့်တင်းလာမည်ပင်ဖြစ်သည်။ အနာဂတ်တပ်မတော်(ရေ)အတွက် အကြီးအကဲ မျှော်မှန်းမှုများက မေးခွန်းများတွင် သိသာသည်။ အနာဂတ် အတွက်စံပြုရန် သို့မဟုတ် နှိုင်းယှဉ်ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ထားသည့် ယခုလေ့လာမှုသည် အကျိုးရလဒ် မနည်းလှဟုထင်သည်။ လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်မှုကို နှစ်ဖက်အကြီးအကဲများဆောင်ရွက်အပြီးတွင် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရေငုပ်သင်္ဘောဌာနချုပ်မှ ပြန်လည်ထွက်ခွာကြသည်။ နားနေရန်မဟုတ်။ ရာသရွှေ့သောအချိန်အတွင်း နေ့လယ်စာစားပြီးနောက် ယမန်နေ့က တည်းခိုခဲ့သည့် Far Eastern Federal University(FEFU) အတွင်းရှိ Medical School နှင့် Medical Center များသို့ ကူးသည်။ Medical School တွင် Vice President of Medical Affais of FEFU ဖြစ်သူ Dr. Oleg I.Pakနှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ကျောင်းခန်းမအတွင်း၌ ကျောင်း၏လက်ရှိဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ကျယ်ပြန့်လှသည့်ဆေးပညာနယ်ပယ်**

တင်ပြချက်များအရ ထူးထူးခြားခြား သတိပြုမိသည်များလည်းရှိသည်။ ဆေးပညာရပ်များကိုသာ သင်ကြားနေခြင်းမဟုတ်ဘဲ ဆေးဘက်ဆိုင်ရာ အထောက်အကူပြု သင်တန်းများကိုပါ စာတွေ့၊ လက်တွေ့လေ့ကျင့်နေမှုနှင့် Robotic and Mecha-nistic နည်းပညာအသုံးပြု၍ ခွဲစိတ်ကုသမှုများကိုပါ လေ့ကျင့်ဆောင်ရွက်နေမှုတို့ ဖြစ်သည်။ ကျယ်ပြန့်လှသည့် ဆေးပညာနယ်ပယ်အတွက် အကြားအလပ်မရှိအောင် စီမံမှုနှင့် ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်မှုများဟု ဆိုရမည်ဖြစ်သည်။

ဤကျောင်း၏ ပညာဂုဏ်အရှိန်အဝါအရ လာရောက်ပညာသင်ကြားနေသည့် နိုင်ငံတကာမှ သင်တန်းသားများကလည်း မနည်းလှ။ နိုင်ငံပေါင်း ၄၆ နိုင်ငံမှ လာရောက်ပညာသင်ကြားနေသည်ဟု သိရပြီး မြန်မာနိုင်ငံဆေးပညာလောကအတွက် မင်္ဂလာသတင်းလည်း ကြားရသည်။ မြန်မာနိုင်ငံမှလည်း သင်တန်းသားများ စေလွှတ်မည်ဆိုပါက လက်ခံသင်ကြားပေးရန် အသင့်ရှိသည်ဟူသော သတင်း၊ ပညာသင်ယူမှု အခွင့်အလမ်းသာမက အနာဂတ်မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်နိုင်ရန် ခွန်အားတစ်ရပ် တစ်ဖွယ်ဖြစ်လာမည့် သတင်းဖြစ်သည်။ မင်္ဂလာမည်ပေစွ။ အကြီးအကဲ၏ မျက်နှာတွင်လည်း ရလဒ်ကောင်းသည့် ကမ်းလှမ်းမှုအတွက် ပီတိဖြင့် ပြုံးရွှင်နေသည်က ကြည်နူးဖွယ်ပင်။

စာမျက်နှာ ၇ သို့ ❖

❖ စာမျက်နှာ ၆ မှ

ခရီးစဉ်အတွင်း ပထမနေ့လေ့လာရေးခရီးအဖြစ် စတုတ္ထမြောက်နေရာမှာ ဗလာဒီဗော့စတော့ခ် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း Commercial Port of Vladivostok ဖြစ်သည်။ ဆိပ်ကမ်း၏သက်တမ်းက မနည်းလှ။ ၁၈၇၂ ခုနှစ်တွင် ရုရှားရေတပ်ဌာနချုပ်အဖြစ် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဒုတိယကမ္ဘာစစ်လွန် ၁၉၅၀ ပြည့်နှစ် နောက်ပိုင်းကာလများတွင် နိုင်ငံတကာသင်္ဘောများ စတင်ဝင်ရောက်ခဲ့သည်ဟု သိရသည်။ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအဖြစ် ၁၉၉၀ ပြည့်နှစ်တွင်မှ စတင်သတ်မှတ်ခဲ့ကြောင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အကြီးဆုံးဆိပ်ကမ်းဟု သိရသည်။ ဆိပ်ကမ်းသို့ရောက်ရှိချိန်မှာ အချိန်အရ ညနေပိုင်းဖြစ်သော်လည်း ရာသီဥတုကွဲပြားမှုအရ အမှောင်ဘက်သို့ မရောက်သေး။

ဆိပ်ကမ်းသို့အရောက်တွင် Far Eastern Shipyard Company (FESC)၏ အကြီးအကဲ Mr.Andrey Severilov နှင့် ဒါရိုက်တာဘုတ်အဖွဲ့ဝင်များက ကြိုဆိုသည်။ အစည်းအဝေးခန်းမအတွင်း ရောက်ရှိစဉ် FESC အကြီးအကဲက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ အရှေ့တောင်အာရှနိုင်ငံများနှင့် ကုန်စည်စီးဆင်းမှုဆိုင်ရာ ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှည်လျားသည့် ပင်လယ်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံ၏ စီးပွားရေးအခွင့်အလမ်းများဖြစ်သည့်အတွက် အကြီးအကဲအပါအဝင် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့လုံး စိတ်ပါဝင်စားစွာ နားထောင်ကြသည်။

ဆက်လက်တင်ပြမှုမှာ ကိုယ်စားလှယ်အဖွဲ့အတွက် ဝမ်းမြောက်နိုင်သည့် အချက်အလက်တွေပါသည်။ မြန်မာနိုင်ငံနှင့် ဆိပ်ကမ်းလုပ်ငန်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ကုန်စည်ပို့ဆောင်ရေးဆောင်ရွက်နိုင်မည့် အခြေအနေများကို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University (FEFU)အတွင်းရှိ Medical School အတွင်း ကြည့်ရှုလေ့လာစဉ်။

တင်ပြမှုကြောင့်ဖြစ်သည်။ တင်ပြမှုအပြီးမှာ အကြီးအကဲ၏ သိလိုသည့်မေးခွန်းများ စသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံကြား ကုန်သွယ်မှုကဏ္ဍ မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများ၊ ကုန်စည်ပို့ဆောင်နိုင်မည့် အခြေအနေများကို ဆက်စပ်၍မေးသည်။

အကြီးအကဲ၏ မေးခွန်းများထဲတွင် သူ့ပြည်သူပြည်သားများ၏ သက်သာချောင်ချိရေး၊ အရည်အသွေးပြည့်ဝသည့် ကုန်ပစ္စည်းများကို လုံလောက်အောင်ရရှိရေး၊ သယ်ယူပို့ဆောင်ခများ လျော့နည်းသက်သာ၍ နိုင်ငံတော်၏ဘဏ္ဍာငွေများ လေလွင့်မှုမရှိစေရေးစသည့် များစွာသောအကြောင်းတရားများကိုအခြေခံသည့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးတို့လည်းပါသည်။ ကျယ်ပြန့်လှသည့် ဆွေးနွေးမေးမြန်းမှုများတွင် အသေးစိတ်ကျသည့် ဆွေးနွေးမှုအထိ ပါဝင်၏။ ဆိပ်ကမ်းကို လှည့်လည်ကြည့်ရှုသည့်အခါ ကြီးမားကျယ်ပြန့်လှသည့် လုပ်ဆောင်နေမှုများကား အံ့မခန်းလှ။

ဆိပ်ကမ်းတွင် လှည့်လည်ကြည့်ရှုပြီးနောက် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကူးပြီး ပထမနေ့၏ လေ့လာမှုအား အဆုံးသတ်၏။ တစ်နေ့တာ လေ့လာမှု၊ စူးစမ်းမေးမြန်းမှု၊ တွေ့ဆုံဆွေးနွေးမှုများကား မနည်းလှ။ ပညာရေး၊ ကျန်းမာရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ကာကွယ်ရေး စသည်ဖြင့် နယ်ပယ်များလှသည်။ ခရီးစဉ်၏ ပထမဆုံးသောနေ့ဟု ဆိုသည့်တိုင် အရှိန်အဟုန်ကောင်းကောင်းဖြင့် ဆောင်ရွက်ခဲ့မှုများက အမိမြန်မာပြည်အတွက် အကျိုးရှိစေမည့် ရလဒ်ကောင်းများလည်း ထွက်ပေါ်လာခဲ့သည်က ထင်ရှားသည်။ ။

(ဆက်လက်ဖော်ပြပါမည်။)

## တိုင်းဒေသကြီး ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီ(တတိယအကြိမ်)အစည်းအဝေး ကျင်းပ



ထားဝယ် စက်တင်ဘာ ၁၃

တနင်္သာရီတိုင်းဒေသကြီး ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီ (တတိယအကြိမ်) အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့ပြီး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့ပြင် အစည်းအဝေး၌ တိုင်းဒေသကြီးအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတအုပ်ချုပ်လုပ်ကိုင်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပင်လယ်ကမ်းရိုးတန်းနှင့် တန်ဖိုးရှိသော သယံဇာတများကို မပျက်စီးအောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ငါး၊ ပုစွန်များ၏ မွေးဖွားမှုနှုန်းကို ထိန်းသိမ်းနိုင်ရန် အားနည်းလာသည်ကို တွေ့ရှိရကြောင်း ထည့်သွင်းဆွေးနွေးခဲ့သည်။

ထို့နောက် ဗဟိုကော်မတီ၏ (ပထမအကြိမ်)၊ (ဒုတိယအကြိမ်) အစည်းအဝေးဆုံးဖြတ်ချက်များနှင့် လုပ်ငန်းကော်မတီ၏ (ပထမအကြိမ်)၊ (ဒုတိယအကြိမ်) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကော်မတီဝင်များက ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

သတင်းစဉ်

☆ ရှေ့ဖုံးမှ

ကလေးများ အသိပညာတိုးပွားရေး စာအုပ်စာပေများကို ခင်းကျင်းပြသခြင်း၊ လက်ဝယ်အရောက် ငွေရှာမိးပေးခြင်းတို့အပြင် စာဖတ်ရှိန်မြှင့်တင်ရေး၊ သဘာဝဘေးအန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ် စသည့် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**သက်ရှည်ကျန်းမာဖို့**
**စားသုံးဆီကို**
**တတ်နိုင်သမျှ လျှော့စားစို့**

## ဂျပန်နိုင်ငံ၌ကျင်းပမည့် ၂၀၂၂ ခုနှစ် အာရှသက်ငယ်တန်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၃

ဂျပန်နိုင်ငံ၌ ကျင်းပမည့် ၂၀၂၂ ခုနှစ် အာရှသက်ငယ်တန်း အားကစားပြိုင်ပွဲ (Asia Junior Sports Exchange Games 2022) သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း ခေါင်းဆောင်သော မြန်မာအားကစားအဖွဲ့ကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။



အဆိုပါပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့၌ အဖွဲ့ခေါင်းဆောင်အဖြစ် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယအဖွဲ့ခေါင်းဆောင်အဖြစ် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီးတို့နှင့် အတူ ကြက်တောင် အားကစားနည်းမှ အုပ်ချုပ်သူတစ်ဦး၊ နည်းပြတစ်ဦး၊ အမျိုးသား အားကစားသမားသုံးဦး၊ အမျိုးသမီးအားကစားသမားသုံးဦး၊ စားပွဲတင်တင်းနစ်အားကစားနည်းမှ အုပ်ချုပ်သူတစ်ဦး၊ နည်းပြတစ်ဦး၊ အမျိုးသားအားကစားသမားသုံးဦး၊ အမျိုးသမီးအားကစားသမားနှစ်ဦး၊ Para Badminton ပြိုင်ပွဲ ယှဉ်ပြိုင်ရန်အတွက် နည်းပြတစ်ဦး၊ အမျိုးသားအားကစားသမားတစ်ဦး၊ Para Table Tennis ပြိုင်ပွဲ ယှဉ်ပြိုင်ရန်အတွက် နည်းပြတစ်ဦးနှင့် အမျိုးသား အားကစားသမားတစ်ဦး စုစုပေါင်း ၂၁ ဦး လိုက်ပါသွားကြောင်းနှင့် အာရှသက်ငယ်တန်း အားကစားပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက်မှ ၂၀ ရက်အထိ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကေဝင်ရိုးကမ္ဘာကြီးမှသည် ဗဟုဝင်ရိုးကမ္ဘာကြီးဆီသို့ ကူးပြောင်းနိုင်စေမည့် ကမ္ဘာ့ခေါင်းဆောင်နှစ်ဦး၏တွေ့ဆုံမှု

ထက်မြတ်



ကျွန်တော်တို့ကမ္ဘာကြီးဟာ လုပဆန်းကြယ်မှုတွေနဲ့အတူ သိပ်ကိုချစ်ဖို့ကောင်းသလို နေချင့်စဖွယ် ဂြိုဟ်ကြီးတစ်လုံးလည်း ဖြစ်ပါတယ်။

ကမ္ဘာဆိုတဲ့ဂြိုဟ်ကြီးက ဘယ်သူတွေနဲ့ သက်ဆိုင်သလဲလို့မေးရင် ဒီကမ္ဘာပေါ်မှာမှီတင်းနေထိုင်ကြတဲ့ ကမ္ဘာသူ ကမ္ဘာသားအားလုံးနဲ့ သက်ဆိုင်တယ်လို့ ပြောရပါလိမ့်မယ်။ ဒါဟာတကယ့်လက်တွေ့အမှန်တရားပါ။

**အမေရိကန်ဦးဆောင်တဲ့ အနောက်ကမ္ဘာခြမ်းမှ အင်အားစုတချို့**

ဒါပေမဲ့လည်း တစ်ကမ္ဘာလုံးကို သူတို့ရဲ့လက်ခုပ်ထဲကရေလို သွန်လိုသွန်၊ မှောက်လိုမှောက် လုပ်ချင်လိုကြတဲ့ နိုင်ငံကြီးတချို့လည်း ရှိပါသေးတယ်။ အထူးသဖြင့် အမေရိကန်ဦးဆောင်တဲ့ အနောက်ကမ္ဘာခြမ်းမှ အင်အားစုတချို့ဖြစ်ပါတယ်။

ဒီနေရာမှာ အမေရိကန်က ဦးဆောင်တာဖြစ်တဲ့အတွက် အမေရိကန်ကိုသာ ဦးတည်ပြီးတော့ ပြောရမှာပါ။ အမေရိကန်ဆိုတာ ကမ္ဘာပေါ်မှာ စီးပွားရေး၊ စစ်ရေး၊ နိုင်ငံရေးအရ လွှမ်းမိုးထားနိုင်တဲ့ အခြေအနေရှိတာ မှန်ပါတယ်။

သို့သော်လည်း သူ့ရဲ့လွှမ်းမိုးမှုက ကမ္ဘာသူကမ္ဘာသားတွေအားလုံးရဲ့ အကျိုးအတွက် မဟုတ်ပါဘူး။ သူ့တစ်နိုင်ငံတည်းရဲ့ အကျိုးအတွက်သာဖြစ်ပါတယ်။

ဥပမာအားဖြင့်ပြောရရင် အမေရိကန်နိုင်ငံမှာ ပြည်တွင်းစစ်ကြီး ပြီးဆုံးသွားကတည်းက စစ်ပွဲဖြစ်ပွားတယ်ဆိုတာ စာချစ်သူများ ကြားဖူးပါသလား။ ကျွန်တော်လည်း မကြားဖူးပါဘူး။ ဘာကြောင့်လဲဆိုတော့ စစ်ပွဲမဖြစ်ပွားခဲ့လို့ပါ။

ဒါပေမဲ့ အမေရိကန်ရဲ့စနက်ကြောင့် တစ်ကမ္ဘာလုံးနီးပါးမှာ စစ်မီးတွေ တောက်လောင်နေရတယ်လို့ပြောရင် ကျွန်တော်လွန်မယ်မထင်ပါဘူး။

ဒီလိုမျိုးတွေ ဖြစ်နေရတာက ကျွန်တော်တို့ကမ္ဘာသူ ကမ္ဘာသားတွေ အားလုံးရဲ့ အသက်ရှင်သန်ရပ်တည်မှုဟာ အမေရိကန်နိုင်ငံပေါ်မှာသာ မူတည်နေရတယ်ဆိုတဲ့အချက်ကို မီးမောင်းထိုးပြနေပါတယ်။

ကျွန်တော်တို့နေ့စဉ်ဘဝမှာ အသုံးပြုနေရတဲ့ လူသုံးကုန်ပစ္စည်းတွေ ရှိပါတယ်။ ဒီလူသုံးကုန်ပစ္စည်းတွေကို ပြည်တွင်းကနေ ထုတ်လုပ်တာရှိသလို ပြည်ပကနေတင်သွင်းရတာမျိုးတွေလည်း ရှိပါတယ်။

ပြည်ပကနေ ဝယ်ယူ တင်သွင်းရတဲ့အခါ ငွေကြေးအတွက် အမေရိကန်ဒေါ်လာကိုသာ အဓိကအားထားပြီး အသုံးပြုရပါတယ်။ ဘာကြောင့်လဲဆိုရင် ကမ္ဘာကြီးက ကေဝင်ရိုးအပေါ် မူတည်နေရတာကိုး။

တကယ်လို့များ အမေရိကန်နိုင်ငံက သူ့စိတ်အလိုမကျတဲ့ နိုင်ငံတစ်နိုင်ငံကိုသာ သူတို့ရဲ့ဒေါ်လာငွေကြေးတွေ အသုံးပြုခွင့်ပိတ်ပင်လိုက်ရင် အဲဒီနိုင်ငံရဲ့လည်ပတ်မှုမှန်သမျှအားလုံးနီးပါး ရပ်တန့်သွားရပါလိမ့်မယ်။ တစ်နည်းပြောရရင် ကံဆိုးမှုတွေနဲ့ ရင်ဆိုင်ရတာပေါ့။

ဒီလိုအဖြစ်ဆိုးတွေနဲ့ ရင်ဆိုင်လာရအောင် လုပ်ဆောင်ထားသူကတော့ အမေရိကန်နိုင်ငံပါပဲ။ ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ အခုတင်ပြသွားတာက ဥပမာတစ်ခုတည်းသာ ရှိပါသေးတယ်။

ဒါကြောင့် ကေဝင်ရိုးဆိုတဲ့ ဝင်ရိုးတစ်ခုတည်းအပေါ်မှာရပ်တည်နေရတဲ့ ကျွန်တော်တို့ကမ္ဘာသူကမ္ဘာသားတွေရဲ့ဘဝဟာ ဝင်ရိုးအဖြစ်တည်ရှိနေတဲ့ အမေရိကန်နိုင်ငံအပေါ် အလွန်အမင်း မှီခိုနေရတာကို အတိုင်းသား မြင်တွေ့ခဲ့ရပြီးဖြစ်သလို လက်ရှိမှာလည်း ဒီလိုမှီခိုခြင်းရဲ့ အကျိုးကျေးဇူးကို ရင်ဆိုင်ခံစားနေရပါတယ်။

ဒါဆိုရင် ကေဝင်ရိုးဆိုတဲ့ ဝင်ရိုးတစ်ခုတည်းအပေါ်ရပ်တည်နေမှုက ကမ္ဘာသူ ကမ္ဘာသားတွေအတွက် ကောင်းခြင်းကို ပိုမိုဖြစ်ထွန်းစေသလား၊ ဆိုးခြင်းကို ပိုမိုဖြစ်ထွန်းစေသလားဆိုတာ စာချစ်သူတွေကိုယ်တိုင်ဝေဖန်ပိုင်းခြားနိုင်မယ် ထင်ပါတယ်။

ဒီလိုကေဝင်ရိုးကနေ လွတ်မြောက်ဖို့ဆိုရင် လုပ်ဆောင်ရမယ့် တစ်ခုတည်းသောအရာကတော့ ဗဟုဝင်ရိုးလို့ခေါ်တဲ့ ဝင်ရိုးအများအပြားအပေါ် ရပ်တည်မှုစနစ်ဆီကို ပြောင်းလဲခြင်းပဲဖြစ်ပါတယ်။

**ဗဟုဝင်ရိုးဆိုတာ**

ကေဝင်ရိုးဆိုတာ တစ်နိုင်ငံတည်းကောင်းစားရေးအတွက်ဖြစ်ပေမယ့် ဗဟုဝင်ရိုးဆိုတာကတော့ နိုင်ငံအားလုံးတန်းတူညီမျှ ချမ်းသာကြွယ်ဝရေးနဲ့ တည်ငြိမ်အေးချမ်းရေး ပိုမိုဖြစ်ထွန်းစေဖို့ကို ဦးတည်ပါတယ်။

ဗဟုဝင်ရိုးဆီ ဦးတည်လျှောက်လှမ်းရာမှာ အဓိကအရေးကြီးတဲ့ အခန်းကဏ္ဍကနေ ပါဝင်သူနှစ်ဦးရှိပါတယ်။ သူတို့ကတော့ ရုရှားသမ္မတ ဗလာဒီမာပူတင်နဲ့ တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ပါပဲ။

ပူတင်နဲ့ ရှီကျင့်ဖျင်တို့ဟာ အခုသီတင်းပတ်အတွင်း ဥဇဘက်ကစ္စတန်နိုင်ငံမှာ လုပ်ဆောင်မယ့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးညီလာခံမှာ တွေ့ဆုံဖို့ရှိပါတယ်။

ရှီကျင့်ဖျင်ရဲ့ အခုလိုပြည်ပခရီးစဉ်ဟာ ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးခရီးစဉ်ဖြစ်သလို ဒီခရီးစဉ်မှာတွေ့ဆုံမယ့် ပုဂ္ဂိုလ်ကလည်း ရုရှားသမ္မတဖြစ်နေတာက ဗဟုဝင်ရိုးဆီကူးပြောင်းမယ့် လုပ်ငန်းစဉ်အတွက် အရေးကြီးတဲ့ ခေါင်းဆောင်နှစ်ဦးရဲ့ တွေ့ဆုံမှုဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

ရုရှားနဲ့ တရုတ်နိုင်ငံဆိုတာ ရှေးအစဉ်အဆက်ကတည်းက ချစ်ကြည်ရင်းနှီးမှု ခိုင်မာပြီးသားဖြစ်တဲ့ နှစ်နိုင်ငံဖြစ်သလို လက်ရှိကမ္ဘာ့ဦးဆောင်နေရာတွေကို ရယူထားနိုင်တဲ့ နိုင်ငံတွေလည်း ဖြစ်ပါတယ်။

သူတို့နှစ်နိုင်ငံရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ အနောက်အုပ်စုမပါ ကျန်ရှိတဲ့ ကမ္ဘာ့နိုင်ငံတွေအားလုံးအတွက် စံနမူနာပြ လုပ်ရပ်တစ်ခုလည်း ဖြစ်ပါတယ်။

ဥပမာအားဖြင့် ဗဟုဝင်ရိုးဆီ ကူးပြောင်းမှုအတွက် အဓိကအချက်ဖြစ်တဲ့ ကမ္ဘာ့စီးပွားရေးဈေးကွက်မှာ အမေရိကန်ဒေါ်လာ အသုံးပြုမှုကို လျှော့ချဖယ်ရှားရေးအတွက်ဆောင်ရွက်ရာမှာ သူတို့နှစ်နိုင်ငံက သူတို့နိုင်ငံသုံး ငွေကြေးအသီးသီးနဲ့ အသုံးပြုဖို့ လုပ်ဆောင်လာတာကို တွေ့ရပါတယ်။

ဖြစ်စဉ်ဖြစ်ရပ်တစ်ခုကို ထုတ်ပြရရင် လက်ရှိအချိန်မှာ တရုတ်က ရုရှားနိုင်ငံက ရောင်းချတဲ့ ရေနံပမာဏအများအပြားကို ဝယ်ယူတဲ့နေရာမှာ ရုရှားနိုင်ငံသုံး ရူဘယ်ငွေကြေးတစ်ဝက်၊ တရုတ်နိုင်ငံသုံး ယွမ်ငွေကြေးတစ်ဝက်နဲ့ ဝယ်ယူဖို့ သဘောတူထားပြီးပါပြီ။ ဒါဟာ ဗဟုဝင်ရိုးဆီ ကူးပြောင်းမှုအတွက် ကနဦး ခြေလှမ်းတစ်ရပ်ဖြစ်ပါတယ်။

**တွေ့ဆုံမှုအကြိမ်ပေါင်း (၃၈) ကြိမ်အထိရှိ**

သူတို့နှစ်ဦးရဲ့ တွေ့ဆုံမှုကို လေ့လာကြည့်ရင် ရှီကျင့်ဖျင်ဟာ သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်တဲ့ ၂၀၁၃ ခုနှစ်ကနေ လာမယ့်တွေ့ဆုံမှု မတိုင်မီအထိ ပူတင်နဲ့ တွေ့ဆုံမှုအကြိမ်ပေါင်း (၃၈) ကြိမ်အထိရှိတာကို အံ့အားသင့်ဖွယ်ရာ တွေ့ရပါတယ်။

သူတို့နှစ်ဦး နောက်ဆုံးတွေ့ဆုံခဲ့တာက ဒီနှစ်ဖေဖော်ဝါရီလမှာလုပ်တဲ့ ပေကျင်းဆောင်းရာသီအိုလံပစ်အားကစားပွဲတော်မှာ ဖြစ်ပါတယ်။ အဲဒီတွေ့ဆုံမှုမှာတော့ ရှီကျင့်ဖျင်နဲ့ပူတင်တို့က သူတို့နှစ်နိုင်ငံအကြား အကန့်အသတ်မဲ့ ပူးပေါင်းဆောင်ရွက်မှုတစ်ခုကို ထုတ်ပြန်ကြေညာလိုက်ပါတယ်။

အမေရိကန်ဟာ ဥရောပဒေသကို လွှမ်းမိုးနိုင်ရေးအတွက် ရုရှားကို ထိန်းချုပ်နိုင်ဖို့ကြိုးပမ်းသလို၊ အာရှဒေသကို လွှမ်းမိုးနိုင်ရေးအတွက် တရုတ်ကို ထိန်းချုပ်နိုင်ဖို့ ကြိုးပမ်းလာချိန်မှာ ရုရှားနဲ့ တရုတ်တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုက ရေတိုမှာ မသိသာပေမယ့် ရေရှည်မှာဆိုရင် အမေရိကန်ကို အထိနာသွားစေပါလိမ့်မယ်။

**ဘက်စုံစစ်ပွဲအသွင်နဲ့ စစ်ဆင်နွှဲ**

လက်ရှိမှာဆိုရင် အမေရိကန်က ဥရောပနဲ့ ယူကရိန်းကို ကြားခံပြီး ရုရှားအပေါ် ဘက်စုံစစ်ပွဲအသွင်နဲ့ စစ်ဆင်နွှဲနေတာကို မြင်ရပါတယ်။

ရုရှားကလည်း သူ့ရဲ့အင်အား တောင့်တင်းခိုင်မာဖို့အတွက် အင်အားတည်ဆောက်ရာမှာ တရုတ်နိုင်ငံအပြင် အာရှဒေသမှာရှိတဲ့ နိုင်ငံအများအပြားနဲ့ ပူးပေါင်းဆောင်ရွက်လာတာကို မြင်တွေ့ရပါတယ်။

ဒါကြောင့် အခုလိုမျိုး ကမ္ဘာကြီးကို ဗဟုဝင်ရိုးနဲ့ လည်ပတ်စေဖို့ ကြိုးပမ်းဆောင်ရွက်နေချိန်မှာ ကမ္ဘာ့ခေါင်းဆောင်နှစ်ဦးရဲ့ တွေ့ဆုံမှုက အင်မတန်မှ အရေးကြီးတယ်လို့ ဆိုရခြင်းဖြစ်ပါတယ်။

သူတို့နှစ်ယောက်ရဲ့ တွေ့ဆုံမှုကနေထွက်ပေါ်လာမယ့်ရလဒ်က ကျွန်တော်တို့ မြန်မာနိုင်ငံအပါအဝင် အာရှဒေသမှာရှိတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် အကောင်းဆုံးတွေသာ ဖြစ်လာပါလိမ့်မယ်။

အခုဆိုရင် အနောက်အုပ်စုဟာ ပြိုကျလာနေပြီး ကမ္ဘာကြီးရဲ့အနာဂတ်ဟာ အာရှဒေသလက်ထဲကို ရောက်လာပါပြီလို့ ပူတင်က မကြာသေးခင်ကမှ လုပ်ဆောင်ပြီးသွားတဲ့ အရှေ့ဖျားစီးပွားရေးဖိုရမ်မှာ ပြောခဲ့ပါသေးတယ်။

ပိုပြီးထူးခြားတာက ယခုလ ၇ ရက်မှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့မှာ ကျင်းပသွားတဲ့ အရှေ့ဖျားစီးပွားရေးဖိုရမ် (EEF)မှာ ပြောဆိုသွားတဲ့ သမ္မတပူတင်ရဲ့ သတင်းစကားပါပဲ။

သမ္မတပူတင်အနေနဲ့ အဲဒီမှာ အဓိကထားပြောသွားတာကိုပြန်ကြည့်ရင် အနောက်နိုင်ငံတွေအနေနဲ့ ကိုလိုနီခေတ် အတွေးအခေါ်ဟောင်းတွေဖြစ်တဲ့ ဗိုလ်ကျစိုးမိုးလိုမှုတွေအကြောင်းနဲ့ ဒါတွေကို တိုက်ဖျက်နိုင်ဖို့ ရုရှားနိုင်ငံနဲ့ မဟာမိတ်တွေက ဘယ်လို ပူးပေါင်းဆောင်ရွက်သွားကြမယ်ဆိုတာတွေကို အသေးစိတ် သုံးသပ်သွားတာတွေ့ရမှာပါ။

စာမျက်နှာ ၉ သို့ ○

○ စာမျက်နှာ ၈ မှ

☆ အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုဟာ နိုင်ငံတကာဆက်ဆံရေးမှာ စည်းကမ်းမရှိပါဘူး။ ကေဝင်ရိုးဖြစ်စဉ်အခါတုန်းက ကမ္ဘာသူ ကမ္ဘာသားတွေရဲ့ ရပ်တည်ရှင်သန်မှုဟာ သူတို့အပေါ်မှာ မူတည်နေတဲ့အတွက် တခြားနိုင်ငံတွေဟာ သူတို့နိုင်ငံရဲ့ ပြည်တွင်းရေးဖြစ်စဉ်တွေမှာ အနောက်အုပ်စုရဲ့ဝင်ရောက်စွက်ဖက်မှုကို သည်းခံခဲ့ရပါတယ်။

☆ ဗဟုဝင်ရိုးဆီကိုကူးပြောင်းသွားပြီးရင် အမေရိကန်နဲ့အနောက်အုပ်စုရဲ့ ကမ္ဘာကြီးအပေါ်လွှမ်းမိုးမှု လျော့ကျသွားမှာဖြစ်သလို နိုင်ငံအားလုံးကလည်း တန်းတူညီမျှမှုရှိရှိနဲ့ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပြီး အချုပ်အခြာအာဏာကို ပိုမိုပိုင်နိုင်စွာ ကျင့်သုံးလာနိုင်မှာဖြစ်ပါတယ်။

ရုရှားသမ္မတ ဗလာဒီမာပူတင်နဲ့ မြန်မာဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့တွေ့တဲ့အခါမှာ ပထမဆုံးစပြောတဲ့စကားက မြန်မာဟာ အရှေ့တောင်အာရှမှာ ရုရှားရဲ့ယုံကြည်စိတ်ချရဆုံး မဟာမိတ်လို့ ထုတ်ဖော်ပြောလိုက်ခြင်းပါပဲ။

အဲဒီနောက် ကဏ္ဍပေါင်းစုံဆက်ဆံရေး တိုးမြှင့်ဖို့နဲ့ ထဲထဲဝင်ဝင်ဆောင်ရွက်ဖို့ အသေးစိတ်ဆွေးနွေးခဲ့ပါတယ်။ ဒါဟာ ရုရှားနိုင်ငံအနေနဲ့ မြန်မာနိုင်ငံကို ဗဟိုပြုပြီး အရှေ့တောင်အာရှဒေသမှာ ဆက်ဆံဆက်သွယ်ရေး တိုးမြှင့်တော့မယ်လို့ အချက်ပြလိုက်တာပါပဲ။

**ပိုမိုခိုင်မာသည်ထက် ခိုင်မာအားကောင်းအောင် တိုးမြှင့်**

တစ်ချိန်တည်းမှာပဲ တရုတ်နိုင်ငံအနေနဲ့ ရုရှားနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာသည်ထက် ခိုင်မာအားကောင်းအောင် တိုးမြှင့်ပြီး ဗဟုဝင်ရိုးဆီပြောင်းလဲရေးအတွက် တခြားကမ္ဘာ့နိုင်ငံတွေနဲ့ပူးပေါင်းလုပ်ဆောင်သွားမယ်လို့ တရုတ်ပညာရှင်တွေက ပြောထားတာကို တွေ့ရပါတယ်။

ဒီတော့ မကြာခင်တွေ့ဆုံမယ့် ပူတင်နဲ့ ရှီကျင့်ဖျင်တို့ရဲ့ တွေ့ဆုံမှုကနေ ဘယ်လိုရလဒ်တွေ ထွက်ပေါ်လာမလဲဆိုတာကို သုံးသပ်ရရင် ပထမဆုံး စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာပါလိမ့်မယ်။

လက်ရှိမှာကိုပဲ ဒီနှစ်အတွင်း နှစ်နိုင်ငံကြား ကုန်သွယ်မှုက ၃၁ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာတာကို တွေ့ရပါတယ်။ မကြာသေးခင်က ပြီးဆုံးသွားတဲ့ အရှေ့ဖျားစီးပွားရေးဖိုရမ်မှာ နှစ်နိုင်ငံကြား သဘောတူစာချုပ်ပေါင်း ၇၉ ခုအထိ ချုပ်ဆိုနိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာနဲ့ကြည့်ရင် ဘီလီယံ ၁၆၀ အထိ ရှိပါတယ်။

စီးပွားရေးကဏ္ဍမှာ အမေရိကန်ဒေါ်လာ သို့မဟုတ် ဗြိတိန်ပေါင်အသုံးပြုမှုကို ဖယ်ရှားသွားနိုင်ပါလိမ့်မယ်။ လက်ရှိ စွမ်းအင်ရောင်းဝယ်မှုမှာ ယွမ်ငွေတစ်ဝက်၊ ရူဘယ်ငွေတစ်ဝက်နဲ့ လုပ်ဆောင်နေပါပြီ။

စစ်ရေးပူးပေါင်းဆောင်ရွက်မှု တိုးတက်လာပါလိမ့်မယ်။ မကြာသေးခင်ကပဲ ရုရှားနိုင်ငံမှာ နိုင်ငံစုံ စစ်ရေးလေ့ကျင့်ခန်းလုပ်ဆောင်ရာ တရုတ်နိုင်ငံက ပထမဆုံးအနေနဲ့ ကြည်း၊ ရေ၊ လေတပ်ဖွဲ့တွေအားလုံး ပါဝင်ပူးပေါင်းထားတာကို တွေ့ရပါတယ်။

သူတို့နှစ်ဦး တွေ့ဆုံမှုဟာ ဗဟုဝင်ရိုးဆီကို ဦးတည်သွားတာဖြစ်တဲ့အတွက် ကမ္ဘာ့နိုင်ငံရေးဖြစ်စဉ်တွေမှာ အမေရိကန်နိုင်ငံကို ထည့်တွက်မှု လျော့ကျသွားပါလိမ့်မယ်။

**ကေဝင်ရိုးဖြစ်စဉ်အခါတုန်းက**

အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုဟာ နိုင်ငံတကာဆက်ဆံရေးမှာ စည်းကမ်းမရှိပါဘူး။ ကေဝင်ရိုးဖြစ်စဉ်အခါတုန်းက ကမ္ဘာသူ ကမ္ဘာသားတွေရဲ့ ရပ်တည်ရှင်သန်မှုဟာ သူတို့အပေါ်မှာ မူတည်နေတဲ့အတွက် တခြားနိုင်ငံတွေဟာ သူတို့နိုင်ငံရဲ့ ပြည်တွင်းရေးဖြစ်စဉ်တွေမှာ အနောက်အုပ်စုရဲ့ဝင်ရောက်စွက်ဖက်မှုကို သည်းခံခဲ့ရပါတယ်။

အခုတော့ ကမ္ဘာကြီးဟာ ရုရှားနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ရဲ့ ဦးဆောင်မှုနဲ့အတူ ဗဟုဝင်ရိုးဆီကို တဖြည်းဖြည်း ကူးပြောင်းလာနေပါပြီ။

ဗဟုဝင်ရိုးဆီကိုကူးပြောင်းသွားပြီးရင် အမေရိကန်နဲ့အနောက်အုပ်စုရဲ့ ကမ္ဘာကြီးအပေါ်လွှမ်းမိုးမှု လျော့ကျသွားမှာဖြစ်သလို နိုင်ငံအားလုံးကလည်း တန်းတူညီမျှမှုရှိရှိနဲ့ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပြီး အချုပ်အခြာအာဏာကို ပိုမိုပိုင်နိုင်စွာ ကျင့်သုံးလာနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် မကြာမီလုပ်ဆောင်မယ့် ရုရှားသမ္မတ ဗလာဒီမာပူတင်နဲ့ တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ရဲ့ တွေ့ဆုံမှုဟာ ကမ္ဘာကြီးကို ကေဝင်ရိုးကနေ ဗဟုဝင်ရိုးဆီပြောင်းလဲနိုင်ရေးအတွက် အရေးကြီးတဲ့ ခြေလှမ်းတစ်ရပ် ဖြစ်လာမယ်လို့ဆိုရခြင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ သုံးသပ်တင်ပြလိုတာက ယနေ့ကမ္ဘာမှာ ခေတ်တွေ၊ စနစ်တွေပြောင်းလဲဖို့ စတင်လုပ်ဆောင်နေပါပြီ။ ပြောင်းလဲမယ့်ပုံစံက ကေဝင်ရိုးမှသည် ဗဟုဝင်ရိုးဆီသို့ ဖြစ်ပါတယ်။

**ထဲထဲဝင်ဝင်ပါဝင်ခွင့်ရခဲ့**

ဒီနေရာမှာ **မြန်မာ့ခေါင်းဆောင်ရဲ့မဟာဗျူဟာ အမြင်ကြောင့် မြန်မာနိုင်ငံက ဒီလိုပြောင်းလဲမှုမှာ ထဲထဲဝင်ဝင် ပါဝင်ခွင့်ရခဲ့ပါပြီ။ ဒီလိုပါဝင်ခွင့်ရရှိမှုကနေမှတစ်ဆင့် ခေတ်၊ စနစ်ပြောင်းလဲမှုလှိုင်းကို ကျကျနနစီးပြီး ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံကြီးကို ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းအပေါ် တင်ပေးနိုင်မှာဖြစ်**ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

Ref: Global Times

■



## ဗိုလ်တထောင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရန် နှာခေါင်းစည်းများ ဖြန့်ဝေ

ရန်ကုန် စက်တင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ပူးပေါင်းအဖွဲ့က ယနေ့ နံနက် ၉ နာရီတွင် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ရှေ့၌ ဘုရားဖူးလာ ခရီးသွားပြည်သူများအား နှာခေါင်းစည်းများ တပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်ခဲ့ကြပြီး နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဖြန့်ဝေပေးရာတွင် ဗိုလ်တထောင်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များနှင့် ပူးပေါင်းအဖွဲ့က ဘုရားဖူးများနှင့် ခရီးသွားပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဟေမာဇော်နှင့် ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပြည်တက္ကသိုလ်ရှိ အရာထမ်း / အမှုထမ်းများနှင့် မိသားစုဝင်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံ

ပြည် စက်တင်ဘာ ၁၃

ပဲခူးတိုင်းဒေသကြီး ပြည်တက္ကသိုလ်ရှိ အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုဝင်များအား ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူနှင့်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် ယင်းတက္ကသိုလ်ဓမ္မာရုံ၌ တတိယအကြိမ်နှင့် စတုတ္ထအကြိမ် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးကြောင်း သိရသည်။



ကာကွယ်ဆေး ထိုးနှံပေးရာတွင် ပြည်တက္ကသိုလ်၌ တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုဝင်များအနက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု တတိယအကြိမ် ၁၆၀ နှင့် စတုတ္ထအကြိမ် ၂၁၃ ဦး စုစုပေါင်း ၃၇၃ ဦးတို့ကို ပြည်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မြိမ်းမြိမ်းအေး ဦးဆောင်သော ခရိုင်ပြည်သူ့ကျန်းမာရေး ဆရာ ဆရာမများအဖွဲ့က ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေး (Sinovac) ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)

■

## မုဒုံမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေး

မုဒုံ စက်တင်ဘာ ၁၃

မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးကို ကျန်းမာရေးဝန်ထမ်းများက ဆေးထိုးစုရပ်များခွဲ၍ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါကာကွယ်ဆေးများ ထိုးနှံပေးခြင်းကို ကျန်းမာရေးဝန်ထမ်းများက ဆေးထိုးစုရပ် ၁၅ နေရာခွဲ၍ ရပ်ကွက်များအလိုက် ထိုးနှံပေးလျက်ရှိပြီး ယမန်နေ့တွင် ဆေးထိုးစုရပ် ရှစ်ခု၌ ကာကွယ်ဆေးထိုးနှံသူ ၅၀၆ ဦးရှိသည်။ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက ဌာနဆိုင်ရာများ၊ လူမှုကူညီရေး အသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်းပြီး သတ်မှတ်ဆေးထိုးအုပ်စုအလိုက် တစ်မြို့နယ်လုံးကာကွယ်ဆေးလွှမ်းခြုံစွာ ထိုးနှံပြီးစီးရေးအတွက် ဆေးထိုးအဖွဲ့များခွဲ၍ အရှိန်အဟုန်မပျက် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။



မုဒုံသူ



## နောင်ချိုမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

နောင်ချို စက်တင်ဘာ ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းကာကွယ်ဆေး Booster Dose ထိုးနှံပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဆေးထိုးစုရပ်တွင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အထိ ကျောင်းသား ကျောင်းသူများအား ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကာကွယ်ဆေးမထိုးနှံမီ ဆရာ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများက အပူချိန်တိုင်းတာပေးခြင်း၊ လက်သန့်စင်ဆေးရည်ဖြင့် လက်ကိုသန့်စင်စေခြင်းများ ပြုလုပ်ဆောင်ရွက်ပေးပြီးနောက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)တို့မှ ကျောင်းသား ကျောင်းသူ ၁၀၀ အား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးလျက်ရှိကြောင်းနှင့် ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသည့် ကျောင်းသား ကျောင်းသူများအား ဆက်လက် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နောင်ချို(ပြန်/ဆက်)

# ဒီအမြန်ရထားပြေးဆွဲတဲ့အတွက် ခရီးသည်တွေအနေနဲ့ အချိန်နှစ်နာရီကျော်စောပြီးရောက်တဲ့အပြင် ငွေရေးကြေးရေးအနေနဲ့တွက်ရင်လည်း လက်မှတ်တွေကို အမြန်ရထားနှုန်းမတင်ဘဲ စာပို့နှုန်းနဲ့ပဲ လက်မှတ်တွေကို သက်သောင့်သက်သာဖြစ်အောင် ဆောင်ရွက်ပေးထားပါတယ်

**ဦးစိုးမိုးနိုင်**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား တိုင်း (၉)က ပုသိမ်-ဟင်္သာတ-ကြံခင်း ၁၈၁ အဆန်အမြန်ရထားနှင့် ၁၈၂ အစုန်အမြန်ရထားများ စက်တင်ဘာ ၁၁ ရက်မှစတင်၍ ပြန်လည်ပြေးဆွဲခဲ့ရာ မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းထားပါသည် -

**တွေ့ဆုံမေးမြန်း - ခင်စန္ဒာဆွေ (လက်ထောက်ညွှန်ကြားရေးမှူး)**
**ဓာတ်ပုံ - ဇော်ဝင်းဟန် (ပြန်/ဆက်)**

**ဦးစိုးမိုးနိုင်**
**မန်နေဂျာ၊ သွားလာရေးပို့ဆောင်ရေးဌာန**
**တိုင်းတာဝန်ခံ**

**မေး။ မြန်မာ့မီးရထား တိုင်း (၉) အနေနဲ့ အမြန်ရထား ပြေးဆွဲနိုင်ဖို့ ပြင်ဆင်ဆောင်ရွက်ခဲ့မှုနဲ့ပတ်သက်ပြီး ပြောပြပေးပါရှင့်။**

**ဖြေ။** ကျွန်တော်တို့ တိုင်းအနေနဲ့က အရင်က လော်ကယ်စာပို့ရထားနဲ့ အမြန်မီးရထားနှစ်စင်း အပါအဝင် စုစုပေါင်း ရှစ်စင်း ပြေးဆွဲခဲ့ပေမယ့် ၂၀၂၀ ခုနှစ် ကိုဗစ်-၁၉ ကာလကစပြီး ရပ်ဆိုင်းထားခဲ့ရပါတယ်။ ဝင်ငွေရရှိနိုင်တဲ့ လမ်းပိုင်းကလည်း ပုသိမ်နဲ့ ကြံခင်းလမ်းပိုင်းဖြစ်နေတဲ့အတွက် ပုသိမ်-ကြံခင်းရထားကို ပြန်ပြီးတော့ ဦးစားပေး ပြေးဆွဲခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့် အရင် ရထားရှစ်စင်းကနေ ဖျက်သိမ်းခဲ့ရပြီး ၁၈၅ အဆန်၊ ၁၈၆ အစုန်ရထားကို အရင် ဦးစားပေးပြေးဆွဲလိုက်ပါတယ်။ အဲဒီလို ပြေးဆွဲတဲ့အခါမှာ ကိုဗစ်ကာလရဲ့ ဖြေလျှော့မှုတွေရှိလာတဲ့အခါ ခရီးသည်စီးနင်းမှုတွေကလည်း လိုက်ပါလာတယ်။ စာပို့ရထား ပြေးဆွဲနေရာမှာ ပြေးဆွဲချိန်များပါတယ်။ များတော့ ခရီးသည်တွေအနေနဲ့ အချိန်ပိုပေးရတယ်။ ငွေရေးကြေးရေးအားဖြင့်လည်း မီးရထားက လက်ရှိကားခနဲ့ဆိုရင် ၁ အချိုး ၃ ဖြစ်တယ်။ အဲဒီတော့ ကျွန်တော်တို့က နှစ်ဆလောက် သက်သာတယ်။ ရထားနဲ့ သွားတဲ့လာတဲ့အခါ အမြန်ရထားပြေးဆွဲတဲ့နေရာမှာ ခရီးသည်တွေအနေနဲ့ သွားချင်တဲ့နေရာကို အချိန်တိုအတွင်း ရောက်နိုင်တယ်။

### စီစဉ်ဆောင်ရွက်ခဲ့

ဒါကြောင့် အမြန်ရထားပြေးဆွဲမယ့် အစီအစဉ်ကို နိုင်ငံတော်အကြီးအကဲရဲ့ ညွှန်ကြားချက်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ရဲ့ ညွှန်ကြားချက်တွေရယ်၊ ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်တွေနဲ့ ၁၈၁ အဆန်၊ ၁၈၂ အစုန်မီးရထားပြေးဆွဲဖို့ စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ ဒီအမြန်ရထားကြီးပြေးဆွဲနိုင်ဖို့အတွက် တိုင်းအတွင်းမှာရှိတဲ့ စာပို့ရထားတွေမှာ ပြေးဆွဲနေတဲ့ တွဲဟောင်းတွေကို ပြန်ပြီးတော့ မွမ်းမံခြင်း၊ ဆေးသုတ်ခြင်း၊ စက်ခေါင်းများ ပြုပြင်ခြင်းများ ဆောင်ရွက်ရပါတယ်။

### သောင်တင်နေ

တစ်ဖက်မှာလည်း မြစ်ငယ်ကနေ ကျွန်တော်တို့တိုင်းကို ပို့လိုက်တဲ့ တွဲအသစ်တွေကို သရက်ဘူတာမှာ ကျွန်တော်တို့ ၁၇ - ၄ - ၂၀၂၂ ရက်က စရောက်ပြီးတော့ သောင်တင်နေတယ်။ အဲဒါကို ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့ ညှိနှိုင်းပြီးတဲ့အခါမှာ အဲဒီတွဲကို ဟင်္သာတရောက်အောင် စီစဉ်ဆောင်ရွက်ပါတယ်။

အဲဒီလိုဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ရဲ့ ဦးဆောင်ညွှန်ကြားရေးမှူးက တွဲဆိုင်းတွေကို တစ်လနဲ့ရောက်အောင်ဆွဲဖို့ စီစဉ်ခဲ့ပေမယ့်လည်းပဲ ဒုတိယဝန်ကြီးက တစ်လနဲ့မလုပ်ဘဲ လိုအပ်တာကိုပြော၊ ဘာအခက်အခဲရှိလဲ၊ အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ကရော ဘာလိုအပ်လဲ မင်းတို့ လိုအပ်တာကိုပြော ၈ ရက်နဲ့ လမ်းဖောက်ပြီး တွဲဆိုင်းတွေကို ဟင်္သာတကို ရောက်ချင်တယ် ပြောပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ၄ ရက်နေ့ကစပြီး ဒီဇယ်ဆီဂါလန် ၂၄၀၀၊ လုပ်သားအင်အား ၁၀၀ ကျော်၊ ဘက်ဟိုး၊ ဒိုဇာသုံးစီးနဲ့ လမ်းပိုင်းအလိုက် နေ့စားတွေငှားပြီးတော့ ကြံခင်း-ဥသျှစ်ပင်ကြား တစ်ပိုင်း၊ ဥသျှစ်ပင်နဲ့ ဘုရားပေါက်ကြား တစ်ပိုင်း၊ ဘုရားပေါက်နဲ့ကံမကြား တစ်ပိုင်း၊ ကံမနဲ့ သရက်ကြား တစ်ပိုင်း၊ အဲဒီလို အပိုင်းလိုက်ခွဲပြီးတော့ နေ့စားတွေ၊ အင်ဂျင်နီယာဝန်ထမ်းတွေနဲ့ ပေါင်းစပ်ပြီး သူ့လမ်းပိုင်းအလိုက်သူ တောက်လျှောက်ဖောက်ခဲ့တာ ၁၀ ရက်နေ့မှာ ကြံခင်းဘူတာကို တွဲဆိုင်းအသစ်တွေ ရောက်လာတာဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးကလည်း အမြန်ရထားပြေးဆွဲဖို့အစီအစဉ်ကို ဒီကနေ့ကစပြီး ချက်ချင်းအမြန်အကောင်အထည်ဖော် ပြေးဆွဲတော့ဆိုတဲ့ ညွှန်ကြားချက်အရ ကျွန်တော်တို့ ရထားတိုင်ပင်တွေ ရေးဆွဲရပါတယ်။ လိုအပ်တဲ့တွဲတွေ ထပ်မံပြုပြင်ပြီးတော့ ကြံခင်းကိုရောက်နေတဲ့ တွဲဆိုင်းအသစ်နဲ့ လက်ရှိပုသိမ်မှာ မွမ်းမံထားတဲ့ တွဲဆိုင်းအသစ်၊ အဲဒီတွဲဆိုင်းတွေနဲ့ ၁၈၁ အဆန်၊ ၁၈၂ အစုန်ဆိုပြီး အမြန်ရထားနှစ်စင်းကို စက်တင်ဘာ ၁၁ ရက်မှာ ပုသိမ်-ကြံခင်း၊ ကြံခင်း-ပုသိမ် အစုန်/အဆန် ပြေးဆွဲနိုင်ခဲ့ပါတယ်။

**မေး။ အမြန်ရထား ပြေးဆွဲနိုင်ဖို့ ကြိုတင်ပြင်ဆင်ရတဲ့ လုပ်ငန်းတွေကို အချိန်တိုအတွင်း ဆောင်ရွက်ရတာမှာ တွေ့ကြုံရတဲ့ အခက်အခဲတွေကိုလည်း ပြောပေးပါဦးဆရာ။**

**ဖြေ။** အချိန်တိုအတွင်း ဆောင်ရွက်ခဲ့ရတဲ့အတွက် တွေ့ကြုံရတဲ့ အခက်အခဲတွေကတော့ မြို့ပြဌာနဆိုရင် အချိန်တိုအတွင်းမှာ လမ်းဖောက်လိုက်ရတာမှာ ရထားတွဲကြီးကို တစ်နေကုန်ကို တစ်နာရီမှာမှ တစ်မိုင်၊ တစ်မိုင်ခွဲလမ်းကြောင်းဖော်ပြီးမှ အနောက်ကနေ တွဲဆိုင်းကြီးကလိုက်ပြီး မောင်းရတာ၊ အရှေ့ကနေ ဒိုဇာတွေ၊ ဘက်ဟိုးတွေနဲ့ လမ်းကြောင်းဖော်ပြီးမှ နောက်ကနေလိုက်ရတာ တော်တော်လေးခက်ခဲပါတယ်။ ဝန်ထမ်းတွေလည်း တော်တော်လေးပင်ပန်းပါတယ်။ ဌာနစုံက ဝန်ထမ်းတွေ ပါဝင်ခဲ့ပါတယ်။ စက်ခေါင်းတွေ ပြုပြင်တဲ့အခါမှာလည်း သူတို့လုပ်ရတဲ့ အနေအထားက အချိန်တိုအတွင်းမှာ သူတို့လုပ်ရတာ တွဲဆိုင်းတွေ စစ်ဆေးမွမ်းမံဖို့အတွက် လိုအပ်တဲ့ ပစ္စည်းတွေ၊ ဆေးတွေ၊ အလုပ်သမားအင်အားတွေကို မဖြစ်မနေ ဟင်္သာတမှာ ချက်ချင်းဆေးသုတ်၊ လိုအပ်တဲ့ပစ္စည်းတွေဝယ်ယူပြင်ဆင်ပြီးတော့ ဟင်္သာတ-ပုသိမ်ကို တိုက်ရိုက်အဆင်သင့်ပို့ထားနိုင်ခဲ့ပါတယ်။ ဒါကြောင့် ဒီကနေ့မှာတော့ ၁၈၁ အဆန်၊ ၁၈၂ အစုန် အမြန်ရထားဟာ ချောချောမောမောပြေးဆွဲနိုင်တာဖြစ်ပါတယ်။

**မေး။ မြန်မာ့မီးရထားအနေနဲ့ အခုလို အမြန်ရထား ပြေးဆွဲနိုင်အောင် ကြိုးစားဆောင်ရွက်ပေးမှုအပေါ် ခရီးသည်တွေအနေနဲ့ရော နိုင်ငံတော်အတွက်ပါ ဘယ်လိုအကျိုးသက်ရောက်မှုတွေ ရနိုင်ပါသလဲရှင့်။**

**ဖြေ။** အခုလို အမြန်ရထားကို ပြန်လည်ပြေးဆွဲနိုင်ဖို့အတွက် ခရီးသွားပြည်သူတွေအတွက် နီးစပ်ရာတွေက တစ်ဆင့်၊ ရုံပိုင်တွေကတစ်ဆင့် သိရှိနိုင်အောင် ဘူတာရုံတွေမှာ အသံနဲ့လွှင့်ထားပေးပါတယ်။ ဒီအမြန်ရထား ပြေးဆွဲတဲ့အတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ခရီးသည်တွေအနေနဲ့ ရလာသလဲဆိုရင် အရင်က စာပို့ရထားကို ပုသိမ်-ကြံခင်း၊ ကြံခင်း-ပုသိမ် ပြေးဆွဲတုန်းက ခရီးစဉ်အစုန်/ အဆန်တစ်ခုကို ၁၂ နာရီမောင်းရပါတယ်။ အခု အမြန်ရထား ၁၈၁ အဆန်ရထားဆို ၉ နာရီနဲ့ မိနစ် ၅၀ ပဲ ပြေးဆွဲချိန်ရှိပါတယ်။ နောက် ၁၈၂ အစုန်ဆိုရင်လည်း ပြေးဆွဲချိန် ၉ နာရီနဲ့ ၅၅ မိနစ်ပဲရှိတဲ့အတွက် ယခင် စာပို့ရထားပြေးဆွဲချိန်တုန်းကနှုန်းနဲ့ ချိန်ထိုးတွက်ကြည့်မယ်ဆိုရင် ခရီးသည်တွေအနေနဲ့ အချိန်နှစ်နာရီကျော် စောပြီးရောက်တဲ့အပြင် ငွေရေးကြေးရေးအနေနဲ့ တွက်ရင်လည်း အမြန်ရထားလို့ ပြောပေမယ့် လက်မှတ်တွေကို အမြန်ရထားနှုန်းမတင်ဘဲ စာပို့နှုန်းနဲ့ပဲ လက်မှတ်တွေကို သက်သောင့်သက်သာဖြစ်အောင် ဆောင်ရွက်ပေးထားပါတယ်။

### သန့်ရှင်းကောင်းမွန်

ကျွန်တော်တို့ သတ်မှတ်တာက အမြန်နှုန်း၊ စာပို့နှုန်း၊ လော်ကယ်နှုန်းဆိုပြီး အတန်းအစားအလိုက် ခွဲခြားပေမယ့် ကျွန်တော်တို့မီးရထားအနေနဲ့ တိုင်းအတွင်းမှာ စာပို့နှုန်းနဲ့ပဲ အမြန်ရထားကိုယူပါတယ်။ သို့သော်လည်းပဲ အထက်တန်းတွဲမှာ စီးချင်ရင်တော့ ရိုးရိုးတန်းရဲ့ နှစ်ဆနဲ့ ရောင်းပေးပါတယ်။ ခရီးသည်တွေ သက်သောင့်သက်သာ စီးရတယ်။ ပတ်ဝန်းကျင်ရှုခင်းတွေကြည့်ရတယ်။ နောက်ပြီး အပေါ့အပါး သွားချင်ရင်လည်း သန့်စင်ခန်းတွေကိုလည်း သန့်ရှင်းကောင်းမွန်အောင် မီးရထားအနေနဲ့ ဆောင်ရွက်ထားပေးပါတယ်။

ဒီလို ဆောင်ရွက်နိုင်တာကလည်း တိုင်းဒေသကြီး ဝန်ကြီးချုပ်နဲ့ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်ပြီး တာဝန်ရှိတဲ့ ဝန်ထမ်းတွေ၊ အဖွဲ့အစည်းတွေ၊ မီးရထားက ဌာနစုံဝန်ထမ်းတွေအားလုံး ပေါင်းစည်းပြီးတော့ ဒီလို အမြန်ရထားကို အစုန်/အဆန် ပြေးဆွဲနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နဲ့ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

**ဒုရဲမှူး လှသိန်း**
**ရထားရဲတပ်ဖွဲ့၊ အမှတ် ၂၀ တပ်ဖွဲ့**
**ဟင်္သာတ တပ်ဖွဲ့မှူး**

**မေး။ မီးရထားရဲတပ်ဖွဲ့အနေနဲ့ ခရီးသွားပြည်သူတွေအတွက် လုံခြုံရေး ဆောင်ရွက်နေမှုကို ပြောပြပေးပါရှင့်။**

**ဖြေ။** ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ အမြန်ရထားနှစ်စင်းကို စတင်ပြေးဆွဲပါတယ်။ ၁၈၁ အဆန်(ပုသိမ်-ဟင်္သာတ-ကြံခင်း)ရထားနဲ့ အမှတ် ၁၈၂ အစုန် (ကြံခင်း-ဟင်္သာတ-ပုသိမ်)ရထားတို့ ဖြစ်ပါတယ်။ အဲဒီရထားတစ်စင်းစီတိုင်းမှာ ကျွန်တော်တို့ဆီက လုံခြုံရေးဆောင်ရွက်လျက်ရှိပါတယ်။

ရထားရဲတပ်ဖွဲ့ရဲ့ အဓိကရည်မှန်းချက်တာဝန်တွေမှာ ရထားစီးခရီးသည်တွေ လုံခြုံစိတ်ချစွာ ခရီးသွားလာနိုင်ရေး၊ မြန်မာ့မီးရထားပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှု မရှိစေရန် တာဝန်ထမ်းဆောင်ရေး၊ ရထားရဲတပ်ဖွဲ့တွေရဲ့ အရည်အချင်းပြည့်ဝရေး၊ စည်းကမ်းကောင်းမွန်စေရေး၊ အစဉ်လေ့ကျင့်ရေး ဆိုတဲ့ ရည်မှန်းချက်တာဝန် ၃ ရပ်ကို

စာမျက်နှာ ၁၁ သို့



မန်နေဂျာ ဦးစိုးမိုးနိုင်



ဒုရဲမှူး လှသိန်း




ပုသိမ်-ဟင်္သာတ-ကြံခင်း ပြေးဆွဲမည့် ၁၈၂ အစုန်အမြန်ရထားတွဲဆိုင်း စက်ခေါင်းအမှတ် DF-1261 အား တွေ့ရစဉ်။

# ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူ၊ ရောဂါကြောင့်သေဆုံးသူတို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားရှိမှုအခြေအနေနှင့်ပတ်သက်၍ ကနဦးဆန်းစစ်တွေ့ရှိချက်အား အသိပေးခြင်း

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂)ရက်နေ့မှ (၇-၉-၂၀၂၂)ရက်နေ့အထိ တွေ့ရှိရသော **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ** ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများ၏ (၈၀) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိဘဲ (၁၅.၉) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး (၁)ကြိမ်ထိုးနှံထားပြီး (၄)ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိ၍ (၀.၁)ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

## ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ | | | |
|---|---|---|---|
| ၈၀ ရာခိုင်နှုန်းသည် | ၁၅.၉ ရာခိုင်နှုန်းသည် | ၄ ရာခိုင်နှုန်းသည် | ၀.၁ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝ ထိုးနှံထားခြင်း မရှိသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး (၁) ကြိမ် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြပါသည်။ |

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂)ရက်နေ့မှ (၇-၉-၂၀၂၂)ရက်နေ့အထိ တွေ့ရှိရသော **ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ** ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများ၏ (၈၄.၁) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၄.၄)ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားရှိသူများဖြစ်ကာ (၁.၅) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

## ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများ၏ | | |
|---|---|---|
| ၈၄.၁ ရာခိုင်နှုန်းသည် | ၁၄.၄ ရာခိုင်နှုန်းသည် | ၁.၅ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး (၁)ကြိမ် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုတို့ကို လေ့လာသုံးသပ်ချက်အရ ကာကွယ်ဆေးထိုးနှံထားသူများတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှင့် သေဆုံးမှုကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းဖြင့်လည်း ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုကို လျော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**
(၁၂-၉-၂၀၂၂)

✪ စာမျက်နှာ ၁၀ မှ

အကောင်အထည်ဖော်ဖို့အတွက် ချမှတ်ထားတဲ့ လုပ်ငန်းတာဝန်(၉)ချက်နဲ့အညီ ရထားပေါ်မှာ လိုက်ပါလာတဲ့ ခရီးသွားပြည်သူတွေရဲ့ လုံခြုံရေး၊ ရထားပေါ်မှာနဲ့ ရထားဘူတာရုံ အနီးတစ်ဝိုက်မှာ ခိုးဆိုးနှိုက်မှုတွေ မဖြစ်ပေါ်စေရန် ကာကွယ်စောင့်ရှောက်ခြင်း၊ ရထားဘူတာနဲ့ မီးရထားလမ်းတွေ၊ စက်ရုံတွေ လုံခြုံရေးဆောင်ရွက်ခြင်း၊ မီးရထားပိုင်ပစ္စည်းတွေ ပျောက်ဆုံးလေလွင့်မှုမရှိစေဖို့ ဆောင်ရွက်ပါတယ်။ နောက်ပြီး ဘူတာရုံတွေ သန့်ရှင်းဖို့နဲ့ လေလွင့်သူတွေ မရှိဖို့ဆောင်ရွက်ခြင်း၊ ရထားဘူတာနဲ့ မီးရထားလမ်းတို့မှာ မှုခင်းကြိုတင်ကာကွယ်ရေးဆောင်ရွက်ရန်နဲ့ စုံစမ်းဖော်ထုတ်အရေးယူခြင်း၊ ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းတွေ၊ လက်နက်ပုံးတွေ သယ်ဆောင်မှုအား ကာကွယ်တားဆီးရေး၊ မူးယစ်ဆေးဝါးအပါအဝင် ဥပဒေနဲ့ဆန့်ကျင်သောပစ္စည်းတွေ သယ်ဆောင်ခြင်းမှ ကာကွယ်တားဆီးခြင်း၊ အရေးကြီးပုဂ္ဂိုလ်တွေရဲ့ ခရီးစဉ်လုံခြုံရေး လိုက်ပါဆောင်ရွက်ခြင်း၊ မြန်မာ့မီးရထားရဲ့ ရည်မှန်းချက်တွေအောင်မြင်စေဖို့ ကူညီဆောင်ရွက်ခြင်းတို့ ဖြစ်ပါတယ်။

ခရီးသွားပြည်သူတွေအနေနဲ့ အခက်အခဲရှိရင်လည်း ကျွန်တော်တို့ မီးရထားရဲတပ်ဖွဲ့ဝင်တွေက ကူညီပြီးတော့ ဆောင်ရွက်ပေးပါတယ်။ တစ်ခါတလေ ကိုယ်ဝန်ဆောင် ခရီးသည်တွေ မီးဖွားခါနီး ပါလာတာရှိတယ်။ အဲဒီအခါမျိုးမှာ သက်ဆိုင်ရာ မီးရထားဝန်ထမ်းတွေနဲ့ အနီးအနားမှာရှိတဲ့ သက်ဆိုင်ရာဌာနဆိုင်ရာတွေ၊ ပြည်သူတွေနဲ့ ပူးပေါင်းပြီး ဆေးရုံကို လိုက်ပို့ပေးတာမျိုး ကူညီဆောင်ရွက်ပေးခဲ့တာ ရှိပါတယ်။

**မေး။ ခရီးသွားလာရင်း မီးရထားပေါ်မှာ ရဲတပ်ဖွဲ့အနေနဲ့ တွေ့ကြုံရတဲ့အခက်အခဲနဲ့ မီးရထားပေါ်မှာ ပြစ်မှုကျူးလွန်တဲ့ ဖြစ်စဉ်လေးတွေရှိရင်လည်း ပြောပြပေးပါရှင်။**

**ဖြေ။** ရထားစီးခရီးသည်တွေအနေနဲ့ ကျွန်တော်တို့ ရထားရဲတပ်ဖွဲ့တွေဟာ ရထားစီး ခရီးသည်တွေ လုံခြုံရေးအတွက် ရှာဖွေစစ်ဆေးမှုတွေ လုပ်ရပါတယ်။ အဲဒီအခါ ကျွန်တော်တို့ကို ကြည်ဖြူစွာနဲ့ စစ်ဆေးမှုခံယူပေးစေလိုပါတယ်။ ရောဝတီတိုင်းဒေသကြီးအတွင်းမှာတော့ ခိုးဆိုးမှုနဲ့ ဖမ်းဆီးခံရတာမျိုးမရှိသေးပါဘူး။ အဲဒီလို ခိုးဆိုးမှုနဲ့ ဖမ်းဆီးမှုတွေ မဖြစ်ရအောင် ကျွန်တော်တို့ ရထားရဲတပ်ဖွဲ့အနေနဲ့ ခရီးသည်တွေရဲ့ လုံခြုံရေးကို အဓိက ဆောင်ရွက်ပေးလျက်ရှိပါတယ်။

နောက်ပြီး ကျွန်တော့်တပ်ဖွဲ့ဝင်တွေကိုလည်း မီးရထားပေါ်လိုက်ပါပြီး တာဝန်မထမ်းဆောင်မီ ကြီးကြပ်သူအရာရှိတွေက လုံခြုံရေးပိုင်းဆိုင်ရာတွေ၊ မှုခင်းပိုင်းဆိုင်ရာတွေ၊ ကြိုတင်ကာကွယ်ရေးတွေ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာ မှာကြားပြီး စနစ်တကျ စေလွှတ်ပါတယ်။ ဒါ့အပြင် တာဝန်ထမ်းဆောင်စဉ် အခက်အခဲ ရှိ၊ မရှိ အမြဲအဆက်အသွယ်လုပ်ပါတယ်။ ထူးခြားဖြစ်စဉ်ဖြစ်ခဲ့ရင်လည်း အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်နိုင်အောင် ဆက်သွယ်မှုတွေ ဆောင်ရွက်ထားပါတယ်။

**မေး။ ခရီးသွားပြည်သူတွေကို မြန်မာ့မီးရထားရဲတပ်ဖွဲ့ဝင်အနေနဲ့ ပြောချင်တာလေးရှိရင် ပြောပြပေးပါရှင်။**

**ဖြေ။** အဓိကကတော့ ကျွန်တော်တို့ရဲတပ်ဖွဲ့တွေက မှုခင်းပညာပေးတဲ့အပိုင်းတွေ လုပ်သလို ခရီးသွားပြည်သူတွေကလည်း မှုခင်းအသိဖြစ်တဲ့ ကိုယ့်ရဲ့ပစ္စည်းတွေမပျောက်ရှရအောင် စနစ်တကျ ထိန်းသိမ်းဖို့လိုပါတယ်။ ဒါ့အပြင် ခရီးသွားရင်း မလိုအပ်တဲ့ သူစိမ်းတစ်ယောက်ကို ယုံကြည်မှုမလွန်ကဲဖို့ ပြောချင်ပါတယ်။ လိုအပ်ရင် ကျွန်တော်တို့ ရထားပေါ်မှာပါတဲ့ လုံခြုံရေးရဲတပ်ဖွဲ့ဝင်တွေကို အကြောင်းကြားပေးဖို့၊ ကျွန်တော်တို့ကလည်း ပြစ်မှုကျူးလွန်သူတွေကို အမြန်ဆုံးဖမ်းဆီးရမိဖို့အတွက် အမြဲတမ်း အဆင်သင့်ဖြစ်အောင် ဆောင်ရွက်ထားပါတယ်။ ကျွန်တော်တို့ ရထားရဲတပ်ဖွဲ့အနေနဲ့ ခရီးသည်တွေရဲ့ လုံခြုံရေးအတွက် လိုအပ်တဲ့ ရှာဖွေစစ်ဆေးမှုတွေ ဆောင်ရွက်တဲ့အခါမှာ ခရီးသည်တွေဘက်ကလည်း ကြည်ဖြူစွာ ပူးပေါင်းဆောင်ရွက်ပေးဖို့ ပြောလိုပါတယ်။ ရထားရဲတပ်ဖွဲ့နဲ့ ပြည်သူပူးပေါင်းပါမှ ရထားစီးခရီးသည်တွေက လမ်းခရီးတစ်လျှောက် စိတ်အေး ချမ်းမြေ့လုံခြုံစွာနဲ့ သွားလာနိုင်မှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

## ဘီးလင်းမြို့နယ်အတွင်း လူစည်ကားရာနေရာများ၌ နှာခေါင်းစည်း တပ်ဆင်ရေး လှုပ်ရှားမှုပြုလုပ်

**ဘီးလင်း စက်တင်ဘာ ၁၃**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူအောင်၏ ဦးဆောင်မှုဖြင့် ကိုဗစ်-၁၉ ရောဂါ မျိုးဗီဇပြောင်း ရောဂါပိုး ကြိုတင်ကာကွယ်ရေးအတွက် ဒေသခံမိဘပြည်သူများနှင့် ခရီးသွားပြည်သူများ နေအိမ်ပြင်ပသို့ ထွက်ခွာသည့်အခါတိုင်း ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်သည့် အလေ့အကျင့်ကောင်းများ ဆက်လက်လိုက်နာကျင့်သုံးစေရေးအတွက် ယနေ့နံနက် ၉ နာရီမှစ၍ ဘီးလင်းမြို့နယ် မင်္ဂလာဈေး အရှေ့နှင့် မင်္ဂလာဈေးအတွင်း၊ ကန်သာယာ ရပ်ကွက် (၈) နီလာဈေးအရှေ့နှင့် နီလာဈေးအတွင်းနှင့် အထက ကန်သာယာ ကျောင်းအရှေ့တို့တွင် ပူးပေါင်းအဖွဲ့ဖြင့် နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှု



ပြုလုပ်၍ နှာခေါင်းစည်းများကို ဖြန့်ဝေပေးကြောင်း သိရသည်။

**ဆောင်ရွက်**

ထိုသို့ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်ရာတွင် ဒေသခံများနှင့် ခရီးသွားပြည်သူများအားကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ နေထိုင်လုပ်ကိုင်သွားလာစေရေး အသိပညာပေးခြင်း၊ ဈေးဆိုင်များတွင် ရောင်းချနေသူများ၊ ဈေးဝယ်သူ မိဘပြည်သူများထံ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီအဖွဲ့များပူးပေါင်း၍ နှာခေါင်းစည်း အခုရေ ၂၅၀၀ ကို အခမဲ့ဖြန့်ဝေကာ ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်ရေး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့် မပျက်မကွက် ထိုးနှံရေး အသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အမှတ်(၃) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှ ရဲမှူး အောင်နိုင်ထွန်း ဦးစီးသောတပ်ဖွဲ့ဝင်၊ မိသားစုများက မန္တလေးမြို့အထွေထွေရောဂါကုဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းကြရာ ကွပ်ကဲရေးမှူးရဲမှူးချုပ် ကိုကိုအောင်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။

ကြေးမုံ

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၁၁၉၁ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၉၉ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၃-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၂-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၁၉၁) ခုအားစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၂၉၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၆၇) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၈၆၆,၇၆၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၇,၃၅၅) ဦးရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၂၄) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၄,၄၆၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦးရှိပါသဖြင့် ယနေ့အထိသေဆုံးသူစုစုပေါင်း (၁၉,၄၄၃) ဦး ရှိပါသည်။ ယနေ့သေဆုံးသူမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၇-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများ၏ (၈၀) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်းမရှိဘဲ (၁၅.၉) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး (၁) ကြိမ်ထိုးနှံထားပြီး (၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားရှိ၍ (၀.၁)ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ | | | |
|---|---|---|---|
| ၈၀ ရာခိုင်နှုန်းသည် | ၁၅.၉ ရာခိုင်နှုန်းသည် | ၄ ရာခိုင်နှုန်းသည် | ၀.၁ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝ ထိုးနှံထားခြင်း မရှိသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး (၁) ကြိမ် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြပါသည်။ |

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၇-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများ၏ (၈၄.၁) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၄.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားရှိသူများဖြစ်ကာ (၁.၅) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများ၏ | | |
|---|---|---|
| ၈၄.၁ ရာခိုင်နှုန်းသည် | ၁၄.၄ ရာခိုင်နှုန်းသည် | ၁.၅ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး (၁)ကြိမ် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/ သေဆုံးမှုတို့ကို လေ့လာသုံးသပ်ချက်အရ ကာကွယ်ဆေးထိုးနှံထားသူများတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှင့် သေဆုံးမှုကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံခြင်းဖြင့်လည်း ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုကို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၇၁၆၄၇၃၂ | ၉၃၃၄၀၃၇၅ | ၁၀၇၆၁၅၃ |
| ၂။ | အိန္ဒိယ | ၄၄၅၀၄၉၄၉ | ၄၃၉၃၀၄၁၇ | ၅၂၈၁၈၅ |
| ၃။ | ပြင်သစ် | ၃၄၇၇၂၇၁၁ | ၃၄၂၃၃၀၈၃ | ၁၅၄၅၂၉ |
| ၄။ | ဘရာဇီး | ၃၄၅၈၀၄၁၂ | ၃၃၆၅၁၈၁၁ | ၆၈၄၉၅၁ |
| ၅။ | ဂျာမနီ | ၃၂၅၀၇၁၈၀ | ၃၁၇၆၈၀၀၀ | ၁၄၈၃၈၉ |
| ၆။ | တောင်ကိုရီးယား | ၂၄၀၉၉၁၃၄ | ၂၂၇၇၅၄၈၇ | ၂၇၅၃၃ |
| ၇။ | ဗြိတိန် | ၂၃၅၅၄၅၁၉ | ၂၃၂၇၈၈၄၆ | ၁၈၉၀၂၆ |
| ၈။ | အီတလီ | ၂၂၀၅၄၄၄၃ | ၂၁၄၁၅၅၃၂ | ၁၇၆၂၄၂ |
| ၉။ | ဂျပန် | ၂၀၂၂၁၆၈၆ | ၁၉၁၅၃၉၆၂ | ၄၂၇၉၄ |
| ၁၀။ | ရုရှား | ၂၀၁၅၇၁၄၃ | ၁၉၁၄၄၈၅၃ | ၃၈၅၃၁၀ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၄၄၉၂၇ | ၁၀၃၄၈၃၀၄ | ၄၃၁၃၂ |
| ၂။ | အင်ဒိုနီးရှား | ၆၃၉၇၂၃၆ | ၆၂၀၇၈၅၈ | ၁၅၇၈၀၇ |
| ၃။ | မလေးရှား | ၄၈၀၆၉၅၄ | ၄၇၄၄၆၃၆ | ၃၆၂၈၅ |
| ၄။ | ထိုင်း | ၄၆၆၈၈၆၃ | ၄၆၂၆၀၃၄ | ၃၂၅၆၇ |
| ၅။ | ဖိလစ်ပိုင် | ၃၉၀၉၇၇၂ | ၃၈၂၂၈၈၈ | ၆၂၃၈၂ |
| ၆။ | စင်ကာပူ | ၁၈၆၁၃၉၀ | ၁၇၈၄၇၂၈ | ၁၆၀၂ |
| ၇။ | မြန်မာ | ၆၁၇၃၅၅ | ၅၉၄၄၆၃ | ၁၉၄၄၃ |
| ၈။ | ဘရူနိုင်း | ၂၂၃၀၅၉ | ၂၁၉၅၆၁ | ၂၂၅ |
| ၉။ | လာအို | ၂၁၅၀၆၄ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၇၃၅ | ၁၃၄၆၀၉ | ၃၀၅၆ |

### မြတာပိန်လယ်ယာနှင့် အထွေထွေစီးပွားရေး လုပ်ငန်း သမဝါယမအသင်းလီမိတက်က တစ်ပိုင်တစ်နိုင်လုပ်ငန်းအဖြစ် အုန်းတံမြက်စည်းများ ထုတ်လုပ်

ဗန်းမော် စက်တင်ဘာ ၁၃

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် မံရေးခေတ်မီစံပြကျေးရွာရှိ မြတာပိန်လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ အသင်းသားများသည် One Village One Product (OVOP) အနေဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းဖြစ်သည့် အုန်းတံမြက်စည်းလုပ်ငန်းလုပ်ကိုင်ရန် မြို့နယ်သမဝါယမအသင်းစုမှ ပံ့ပိုးချေးငွေရယူပြီး ဒေသထွက်ကုန်ကြမ်းများဖြင့် တစ်ရက်လျှင် အုန်းတံမြက်စည်းအချောင်းရေ ၃၀ မှ ၅၀ ကြား ထုတ်လုပ်လျက်ရှိသည်။ အဆိုပါ အုန်းတံမြက်စည်းများကို အသင်းသားများကိုယ်တိုင်ပြုလုပ်ပြီး အုန်းတံမြက်စည်း တစ်ချောင်းလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် အသင်းအချင်းချင်း ဆက်သွယ်၍လည်းကောင်း၊ လက်လီလက်ကားအနေဖြင့်လည်းကောင်း ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပါကစ္စတန်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ၁၄၀၀ ကျော် သေဆုံး

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၁၃**

ပါကစ္စတန်နိုင်ငံ၌ ဇွန်လလယ်ပိုင်းမှစတင်ဖြစ်ပွားခဲ့သည့် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ သေဆုံးသူစုစုပေါင်း ၁၄၂၇ ဦးရှိကြောင်းနှင့် ဒဏ်ရာရရှိသူ ပေါင်း ၁၂၇၄၂ ဦးရှိကြောင်း ပါကစ္စတန်နိုင်ငံ သဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က စက်တင်ဘာ ၁၂ ရက် ညပိုင်းတွင် ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ သဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ထုတ်ပြန်သည့်သတင်းထုတ်ပြန်ချက်အရ ပါကစ္စတန်နိုင်ငံအတွင်း ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူများထဲတွင် ကလေးငယ် ၅၁၀ နှင့် အမျိုးသမီး ၂၈၇ ဦးပါဝင်ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းပြည်နယ်သည် ရေကြီးရေလျှံမှုဒဏ် အခံစားရဆုံးပြည်နယ်ဖြစ်ပြီး လူပေါင်း ၅၉၄ ဦးသေဆုံးခဲ့ကြောင်းနှင့် ယင်းနောက်တွင် ခိုင်ဘာပက်ခ်တွန်ခွာပြည်နယ်၌ သေဆုံးသူ ၃၀၃ ဦး၊ ဘလိုချီစတန်ပြည်နယ် အနောက်တောင်ပိုင်း၌ သေဆုံးသူ ၂၇၀ ရှိကြောင်း သိရသည်။

ထို့ပြင် ပါကစ္စတန်နိုင်ငံ၏ ဒေသအနှံ့အပြားတွင် ရေကြီးရေလျှံမှုကြောင့် လူနေအိမ် ၁၇၅၀၈၂၈ လုံး ပျက်စီးခဲ့ပြီး တိရစ္ဆာန်ကောင်ရေ ၈၈၃၂၆၈ ကောင် သေဆုံးခဲ့ကြောင်း ပါကစ္စတန်နိုင်ငံ သဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ပြောကြားသည်။

လက်ရှိတွင် လူပေါင်း ၅၄၁၀၄၀ သည် ကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံလျက်ရှိကြောင်းနှင့် တံတားအစင်းရေ ၃၉၀ လည်း ပျက်စီးခဲ့ကြောင်း ပါကစ္စတန်နိုင်ငံ သဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**





# ဂျပန်နိုင်ငံ၏ အသက်အကြီးဆုံးအမျိုးသား အသက် ၁၁၂ နှစ်အရွယ်တွင် သေဆုံး

**တိုကျို စက်တင်ဘာ ၁၃**

ဂျပန်နိုင်ငံ၏ အသက်အရွယ်အကြီးဆုံးအမျိုးသားတစ်ဦးဖြစ်သည့် မီကီဇိုယူအီဒါသည် နာရာမြို့၌ သေဆုံးခဲ့ကြောင်း ဒေသန္တရအစိုးရက စက်တင်ဘာ ၁၃ ရက်တွင် ပြောကြားသည်။

မီကီဇိုယူအီဒါသည် ၁၉၁၀ ပြည့်နှစ် မေလအတွင်းက မွေးဖွားခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာ ၉ ရက်တွင် သေဆုံးခဲ့ပြီးနောက် ဂျပန်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက မီကီဇိုယူအီဒါအား ဂျပန်နိုင်ငံ၏အသက်အရွယ်အကြီးဆုံးအမျိုးသားအဖြစ် ယနေ့တွင် ကြေညာခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံသည် ကမ္ဘာပေါ်၌ လူ့သက်တမ်းအရှည်ဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်ကြောင်းလည်း သိရသည်။ ဂျပန်နိုင်ငံမှ အသက် ၁၁၉ နှစ်အရွယ် ကာနီတာနာကာ အမည်ရှိအမျိုးသမီးသည် ကမ္ဘာ့အသက်အကြီးဆုံးနေထိုင်ရသူအဖြစ် ဂင်းနစ်မှတ်တမ်းဝင်ခဲ့ပြီး ၎င်းသည် ယခုနှစ် ဧပြီလ ၁၉ ရက်တွင် ဖူကူအိုကာခရိုင်၌ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကာနီတာနာကာအမည်ရှိအမျိုးသမီး သေဆုံးခဲ့ပြီးနောက် လက်ရှိတွင် ဂျပန်နိုင်ငံ၌ အသက်အကြီးဆုံးအမျိုးသမီးမှာ ဖူဆာတာဆူမိဖြစ်ပြီး အသက် ၁၁၅ နှစ်ရှိကာ အိုဆာကာခရိုင်၌ နေထိုင်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# တောင်ဆူဒန်နိုင်ငံက ကလေးငယ် ၃၇၀၀၀ ကျော်အား ဝက်သက်ကာကွယ်ဆေးထိုးနှံပေးမည်

**ဂျူဘား စက်တင်ဘာ ၁၃**

တောင်ဆူဒန်နိုင်ငံသည် အသက်ခြောက်နှစ်မှ ၁၄ နှစ်အကြား အရွယ်ရှိ ကလေးငယ်များအား ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံပေးမှုကို စက်တင်ဘာ ၁၂ ရက်တွင် စတင်ခဲ့ပြီး ကလေးငယ်စုစုပေါင်း ၃၇၃၉၀ အား ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အထောက်အပံ့ပေးထားသော ဆူဒန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ရည်ရွယ်**

လက်ရှိဆောင်ရွက်နေသော ဝက်သက်ရောဂါကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်သည် နိုင်ငံအတွင်း လက်ရှိဖြစ်ပေါ်နေသော ဝက်သက်ရောဂါကူးစက်မှုကို တိုက်ဖျက်ရန် အနည်းဆုံး ၉၅ ရာခိုင်နှုန်းအထိ လွှမ်းခြုံနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

တောင်ဆူဒန်နိုင်ငံ၌ ဝက်သက်ရောဂါဖြစ်ပွားမှုသည် ၂၀၁၇ ခုနှစ်တွင် တစ်ကြိမ်နှင့် ၂၀၁၉ ခုနှစ်တွင် တစ်ကြိမ်ဖြစ်ပွားခဲ့ခြင်းကြောင့် ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံမှုကို ကြိုတင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**



# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၃၆၉ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ စက်တင်ဘာ ၁၃**

အိန္ဒိယနိုင်ငံ၏ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၃၆၉ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၄၄၅၀၄၉၄၉ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။

**သေဆုံးသူပေါင်း ၅၂၈၁၈၅ ဦး ရှိလာ**

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာပေါင်း ၄၆၃၄၇ ဦးရှိကြောင်း သိရသည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၀ ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၈၁၈၅ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၅၁၇၈ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၃၉၃၀၄၁၇ ဦးရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၂၁၅၄၇၈၀၆၉၃ လုံးအသုံးပြုပြီးဖြစ်ကြောင်းနှင့် လက်ရှိအချိန်ထိ ပြည်သူ ၈၈၉ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုရှိ၊ မရှိ စမ်းသပ်စစ်ဆေးပြီးဖြစ်ကြောင်း အိန္ဒိယနိုင်ငံကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၇၃၀၉ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် စက်တင်ဘာ ၁၃**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၇၃၀၉ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂၄၀၉၉၃၃၄ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၂၇၂ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၅ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၇၅၃၃ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

အဆိုပါကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း၏ သုညဒသမ ၁၁ ရာခိုင်နှုန်းရှိကြောင်းသိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**



# စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်အတွင်း PDF အမည်ခံအကြမ်းဖက်သမားများ၏ အတင်းအဓမ္မဖမ်းဆီးခြင်းခံခဲ့ရသည့်အမျိုးသမီးများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ကယ်တင်နိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁၃**

စစ်ကိုင်း တိုင်းဒေသကြီး အတွင်း PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ကျေးရွာများရှိ ဒေသခံပြည်သူများအား ခြိမ်းခြောက်အကျပ်ကိုင်၍ လူသစ်စုဆောင်းခြင်း၊ အတင်းအဓမ္မ ဆက်ကြေးကောက်ခံခြင်း စသည့် အကြမ်းဖက် လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာ ၎င်းတို့ကို ထောက်ခံအားပေးမှု မရှိသည့် တည်ငြိမ်အေးချမ်းမှုကို လိုလားသော ပြည်သူများ၏ သတင်းပေးပို့မှုအရ စက်တင်ဘာ ၄ ရက်တွင် မော်လိုက်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာ မော်လိုက်မြို့နယ် မိုင်းနွံ့ကျေးရွာ၏အရှေ့ဘက် နှစ်မိုင်ခန့်အကွာသို့ အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများ၏ စခန်းတစ်ခုကို တွေ့ရှိခဲ့သဖြင့် တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများ ကစဉ့်ကလျားဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။ ထို့ပြင် အဆိုပါစခန်းအတွင်းမှ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရသည့် အမျိုးသမီးလေးဦးအား ပြန်လည်ကယ်တင်နိုင်ခဲ့ပြီး သက်ဆိုင်ရာသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့သည်။

PDF အမည်ခံအကြမ်းဖက်သမားများက အဆိုပါ အမျိုးသမီးများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ခဲ့မှု၊ နေထိုင်စားသောက်ခဲ့ရမှုနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ကယ်တင်၍ သက်ဆိုင်ရာသို့ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့မှုနှင့် ပတ်သက်၍ ယခုလိုပဲ ကြားသိခဲ့ရပါတယ်-



**မဝင်းဝင်း(အမည်လွှဲ)**

သမီးကတော့မော်လိုက်မြို့နယ် ကောင်းကွေအုပ်စု မိုင်းနွံ့ကျေးရွာမှာ နေထိုင်ပါတယ်။ အသက်ကတော့ ၁၅ နှစ် ဖြစ်ပါတယ်။ သမီးတို့ရွာကို အကြမ်းဖက် PDF ခေါင်းဆောင်တစ်ယောက်နဲ့ သူ့ရဲ့တပည့်နှစ်ယောက်က အတင်းအဓမ္မ လူသစ်စုတဲ့အတွက် သမီးတို့ လူသစ်စုခြင်း ခံခဲ့ရပါတယ်။ ၉ လပိုင်း ၄ ရက်နေ့ ညနေ ၄ နာရီလောက်မှာ သေနတ်သံတွေ ကြားရပါတယ်။ သမီးတို့လည်း ဘယ်မှမပြေးဘဲ မြေကြီးပေါ်မှာပဲ ဝပ်နေခဲ့ပါတယ်။ အဲဒီအချိန် သမီးတို့ကိုလာကယ်တဲ့ တပ်မတော်သားတွေနဲ့ တွေ့ပါတယ်။ တပ်မတော်သားတွေကို တွေ့တဲ့အချိန်မှာ အလွန်ကို ပျော်ရွှင်ခဲ့ပါတယ်။ လုံခြုံမှုလည်းရတယ်လို့ ခံစားရပါတယ်။ တပ်မတော်က သမီးတို့ကို ကယ်တင်တဲ့အချိန်မှာ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ကာယိန္ဒြေပျက်ပြားအောင် ပြုလုပ်ခြင်းမရှိဘဲ ကောင်းကောင်းမွန်မွန်ကျွေးတယ်၊ ကောင်းကောင်းမွန်မွန်ထားတယ်။ သမီးတို့ကို ဦးလေးသဖွယ်၊ မိဘသဖွယ် စောင့်ရှောက်ထားပါတယ်။ စခန်းကနေ ကောင်းကွေအထိ လမ်းလျှောက်ရပါတယ်။ အဲဒီနေရာကနေ ကလေးအထိ ကားနဲ့ပို့ပေးပါတယ်။ လမ်းတစ်လျှောက်မှာလည်း သမီးတို့ကိုကောင်းကောင်းမွန်မွန် ကျွေးမွေးစောင့်ရှောက်ထားပါတယ်။ ကလေးမြို့ကို ရောက်တဲ့အချိန်မှာ တာဝန်ရှိသူတွေက သမီးတို့ကို နွေးနွေးထွေးထွေးကြိုဆိုပါတယ်။ အားပေးစကားတွေလည်း ပြောပါတယ်။ ကျန်းမာရေး စောင့်ရှောက်မှုတွေလည်းလုပ်ပေးပါတယ်။ လိုအပ်တဲ့ အဝတ်အစားနဲ့ အသုံးအဆောင်တွေကိုလည်း ဝယ်ပေးပါတယ်။ အခုလည်း ဟိုတယ်နဲ့တူတဲ့ ရိပ်သာကြီးမှာ သမီးတို့ကိုထားပါတယ်။ သမီးတို့လို လူငယ်လူရွယ်တွေကို ပြောချင်တာကတော့ နိုင်ငံရေးသမားတွေရဲ့ အသုံးချခံမဖြစ်ပါစေနဲ့။ သတင်းမီဒီယာတွေရဲ့ မဟုတ်မမှန် သွေးထိုးလှုံ့ဆော်မှုတွေကို မယုံကြပါနဲ့။ PDF အကြမ်းဖက်အဖွဲ့ထဲမှာ ကိုယ့်ရဲ့ဘဝကို ရေတိမ်မနစ်ပါစေနဲ့။ အမြန်ဆုံး ရုန်းထွက်ခဲ့ကြပါ။ တပ်မတော်က နွေးထွေးစွာကြိုဆိုနေတဲ့အတွက် မိဘရင်ခွင်ကို ပြန်လာခဲ့ကြပါလို့ ပြောကြားချင်ပါတယ်။ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။



**မလင်းလင်း(အမည်လွှဲ)**

သမီးက မော်လိုက်မြို့နယ်မှာ နေထိုင်ပါတယ်။ အသက်ကတော့ ၁၆ နှစ်ပါ။ သမီးတို့ရွာမှာ အိမ်ခြေတစ်ရာကျော်ရှိပါတယ်။ သမီးတို့ရွာမှာ PDF အကြမ်းဖက်တွေက ခြိမ်းခြောက်မှုတွေ ရှိတာကြောင့် အုပ်ချုပ်ရေးမှူးလုပ်ရဲတဲ့သူ မရှိပါဘူး။ ကျေးရွာတွေကို PDF အကြမ်းဖက်တွေက မီးရှို့မယ်လို့ ခြိမ်းခြောက်ကြပါတယ်။ ချင်းတွင်းမြစ်မှာ သွားလာနေတဲ့ လှေ၊ သင်္ဘောတွေကိုလည်း ဆက်ကြေးကောက်ခံကြပါတယ်။ အစိုးရဝန်ထမ်းတွေကိုလည်း ဖမ်းဆီးသတ်ဖြတ်ကြပါတယ်။ စာသင်ကျောင်းများ မဖွင့်နိုင်အောင်လည်း ခြိမ်းခြောက် ထားကြပါတယ်။ ကျေးရွာမှာလည်း ကျောင်းသုံး စာအုပ်တွေကို ဖျက်ဆီးကြပါတယ်။ သမီးတို့ရွာကို တခြားရွာက PDF ခေါင်းဆောင်က အကြိမ်ကြိမ်လာရောက် စည်းရုံးခဲ့ပါတယ်။ အဲဒီနောက်မှာတော့ သမီးနဲ့ သူငယ်ချင်းဖြစ်သူတို့ အတင်းအဓမ္မ စုဆောင်းခြင်း ခံရပါတယ်။ ပဲနဲ့ မျှစ်ကိုပဲ အဓိကစားသောက်ခဲ့ရပြီး အရမ်းလည်း ခက်ခဲခဲ့ပါတယ်။ မိုးတွင်းကာလဖြစ်တဲ့အတွက် ဖျားနာသူတွေရှိရင် ဆေးဝါးကုသမှု လုံလုံလောက်လောက် မရကြပါဘူး။ ဖုန်းတွေကိုလည်း သိမ်းထားပါတယ်။ စခန်းနားမှာ မိုင်းတွေထောင်ထားတယ်လို့လည်း ပြောပါတယ်။ သမီးတို့လည်း အိမ်ပြန်ချင်တဲ့အတွက် အကြိမ်ကြိမ်ငိုခဲ့ရပါတယ်။ ရိက္ခာအနေနဲ့ ကျွေးတာက အတင်းအဓမ္မကောက်ခံပြီးကျွေးတာ များတယ်လို့ သိရပါတယ်။ ၉ လပိုင်း ၄ ရက်နေ့ ညနေ ၄နာရီလောက်မှာတော့ လက်နက်ငယ်သံတွေ ကြားရပြီး တိုက်ပွဲဖြစ်ပြီလို့ သိရတာကြောင့် မြေကြီးပေါ်မှာ ဝပ်နေခဲ့ပါတယ်။ ခဏအကြာမှာတော့ တပ်မတော်သားတွေ ရောက်လာခဲ့ပါတယ်။ သမီးတို့က “ကြောက်ပါတယ်၊ ကြောက်ပါတယ်” လို့ အကြိမ်ကြိမ် ပြောခဲ့ပါတယ်။ တပ်မတော်သားတွေက “ဘာမှမဖြစ်ဘူး။ ဝပ်နေဝပ်နေ” လို့ပြောပြီး သေနတ်သံတွေ ငြိမ်သွားတဲ့အခါမှာတော့ စစ်ကြောင်းမှူးဆီ ခေါ်သွားပါတယ်။ သမီးတို့ကို ဆဲဆိုကြိမ်းမောင်းတာတွေ၊ ရိုက်နှက်တာတွေ၊ ထိကပါးရိကပါး သွေးဆောင်ဖြားယောင်းတာတွေလည်း မရှိပါဘူး။ ကိုယ့်မိသားစုဝင်တွေလိုပဲ နွေးနွေးထွေးထွေး ဆက်ဆံတယ်။ ကောင်းကောင်းမွန်မွန် ကျွေးမွေးတယ်။ ကိုယ့်သားသမီးတွေလိုဂရုစိုက်ခဲ့ပါတယ်။ ကလေးမြို့ကို ရောက်တဲ့အချိန်မှာတော့ တာဝန်ရှိသူတွေက လှိုက်လှိုက်လှဲလှဲကြိုဆိုကြပြီး လိုအပ်တဲ့ ကျန်းမာရေး စောင့်ရှောက်မှုတွေ ဆောင်ရွက် ပေးခဲ့တဲ့အတွက် အလွန် ဝမ်းသာပါတယ်။ တပ်မတော်ကြီးက DVB၊ Mizzima တို့က ထုတ်လွှင့်နေသလို မဟုတ်ဘဲ မိဘအိမ်ကဲ့သို့ နွေးနွေးထွေးထွေး ဆက်ဆံခဲ့တဲ့အတွက် တအားလည်း ပျော်မိပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ PDF အကြမ်းဖက်အဖွဲ့ထဲ ရောက်ရှိနေတဲ့ သမီးတို့လို လူငယ်လူရွယ်တွေကို ပြောချင်တာကတော့ နိုင်ငံရေးအကြောင်း ဘာမှနားမလည်သေးတဲ့ အရွယ်မှာ နိုင်ငံရေးသမားတွေရဲ့ အသုံးချခံမဖြစ်ပါစေနဲ့။ ဘယ်ဟာက အမှန်၊ ဘယ်ဟာက အမှားဆိုတာကို ခွဲခြားနားလည်ပြီး ဥပဒေဘောင်အတွင်း အမြန်ဆုံးဝင်ရောက်လာခဲ့ကြပါ။ သမီးတို့နိုင်ငံကြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ တည်ဆောက်သွားဖို့ အချိန်တန်ပြီလို့ ပြောကြားလိုပါတယ်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အင်းလေးမြိုင်ရပ်ကွက်နေ ခိုင်သိန်းသည် ၎င်းအသုံးပြုသည့် “အနာဂတ” Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် (၁၈)ရပ်ကွက်နေ သန်းသန်းဝင်းသည် ၎င်းအသုံးပြုသည့် “Than Than Win” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## သာစည်မြို့နယ်၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဆုများချီးမြှင့်

**သာစည် စက်တင်ဘာ ၁၃**

သာစည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲဆုများ ချီးမြှင့်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ပြုလုပ်ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့မရဲစခန်းမှူး ဒုရဲမှူးအောင်ဝင်းထွန်းက လူကုန်ကူးမှုအဓိပ္ပာယ်နှင့် လူကုန်ကူးမှု ဖြစ်ပွားရခြင်းအကြောင်းရင်းများကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးသဲကိုထွန်းက လူကုန်ကူးမှုဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ရန် လိုက်နာရမည့်အကြောင်းရင်းများ၊ ဥပဒေများနှင့်ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း အသိပညာပေးဟောပြောကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကိုကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပြုလုပ်သော အထက်တန်းနှင့်အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့်တတိယဆုရရှိသော ကျောင်းသား ကျောင်းသူများကို ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# MRTV Logo အား ရယူအသုံးပြုထုတ်လွှင့်လျက်ရှိသည့် Facebook Page အတုကိစ္စ အသိပေးထုတ်ပြန်ခြင်း

"ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက အများပြည်သူအတွက် ထုတ်လွှင့်ဝန်ဆောင်မှုပေးလျက်ရှိသည့် MRTV HD နှင့် ဆက်စပ်ရုပ်သံလိုင်းများ၏ ရုပ်သံအစီအစဉ်များကို MRTV Media Application တွင် အကြောင်းအရာအလိုက် ကဏ္ဍခွဲ (၁၁)ခုဖြင့် ထုတ်လွှင့်ဖော်ပြလျက်ရှိရာ အဆိုပါ MRTV Media Application ၏ Logo ကို profile ပုံအဖြစ် လည်းကောင်း၊ MRTV ၏ logo အဟောင်းကို Cover photo အဖြစ်လည်းကောင်း ရယူတုပအသုံးပြု၍ "Myanmar Radio and Television" အမည် Facebook Page ဖြင့် ညစ်ညမ်းပစ္စည်းများ ရောင်းချနေမှုကို စိစစ်တွေ့ရှိရပါသည်။

ထိုကဲ့သို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏အမည်နှင့် Logo များကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာဆောင်ရွက်လျက်ရှိသည့် Facebook Page အတုအပါအဝင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ အမည် Logo နှင့် ပုံရိပ်များကို ဆင်တူယိုးမှားတုပအသုံးပြုမှုများအား တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရုပ်သံလိုင်းများမှ ထုတ်လွှင့်လျက်ရှိသည့် ရုပ်သံအစီအစဉ်များအား MRTV ၏ ဝက်ဘ်ဆိုက်လိပ်စာများဖြစ်သည့် www.mrtv.gov.mm နှင့် www.mrtv-media.com တို့မှ လည်းကောင်း၊ MRTV media application မှ လည်းကောင်း၊ MRTV twitter နှင့် MRTV telegram စသည့် လူမှုကွန်ရက်စာမျက်နှာများမှ လည်းကောင်း ကဏ္ဍစုံစွာဖြင့် သီးခြားစီလွှင့်တင်ထားသဖြင့် အများပြည်သူအနေဖြင့် အလွယ်တကူ ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ရှင်းလင်းထုတ်ပြန်အပ်ပါသည်"

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

**MRTV Fake Page Link များ**

Myanmar Radio and Television – MRTV
https://www.facebook.com/lacohome.shop

MRTV - Myanmar Radio and Television
https://www.facebook.com/MRTV-Myanmar-Radio-and-Television-116145771093641/


Myanmar radio and television – MRTV
https://www.facebook.com/profile.php?id=100082983204902


Myanmar Radio and Television – MRTV
https://www.facebook.com/profile.php?id=100066375564929

Myanmar Radio and Television – MRTV
https://www.facebook.com/Myanmar-Radio-and-Television-MRTV-109467965086921/

Myanmar Radio and Television – MRTV
https://www.facebook.com/Myanmar-Radio-and-Television-MRTV-112821308806842/

Myanmar Radio and Television – MRTV
https://www.facebook.com/profile.php?id=100083305834195




# ဇလွန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ခြံထွက်ဟင်းသီးဟင်းရွက်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

**ဇလွန် စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ခြံထွက်ဟင်းသီးဟင်းရွက်များကို သက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက် ၉ နာရီတွင် မြို့ပေါ်ရပ်ကွက်များရှိ ပြည်သူများအား ရောင်းချပေးသည်။

**ရောင်းချ**

ဇလွန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ခြံထွက်ဟင်းသီးဟင်းရွက်များ ရောင်းချပေးရာတွင် ကော့ကပ်ကြီးကျေးရွာမှ တောင်သူဦးဟန်လင်း စိုက်ပျိုးထုတ်လုပ်သော ဒေသထွက် ကောက်ရိုးမှို၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက် ၁၂ မျိုးတို့ကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ ဆက်)**



# တောင်ငူတက္ကသိုလ်၌ ဥပဒေဆိုင်ရာ အသိပညာပေး ဟောပြော

**တောင်ငူ စက်တင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ရဲတပ်ဖွဲ့က ကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုအန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက တောင်ငူတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပကြောင်း သိရသည်။

အဆိုပါ ဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲသို့ တောင်ငူတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြညွန့်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် တောင်ငူ ယာဉ်ထိန်းတပ်ဖွဲ့စုမှ ဒုရဲမှူး စိုးမင်းအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍လည်းကောင်း၊ တောင်ငူမြို့နယ် ခေတ္တဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး တင်ဦးက မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဆိုးကျိုးများကိုလည်းကောင်း၊ လူကုန်ကူးမှု တားဆီးကာကွယ်နှိမ်နင်းရေးနှင့်ပတ်သက်၍ ဒုရဲမှူး ကိုကိုနိုင်က လည်းကောင်း၊ ဆက်စပ်ပတ်သက်သော ရာဇဝတ်မှုဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များအား ဒုတိယဥပဒေအရာရှိ ဒေါ်ဇာခြည်လင်းကလည်းကောင်း ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



(၅၈)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုနိုင် ဦးဆောင်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ပေါက်ခေါင်းမြို့အဝင်နေရာ၊ လေးမျက်နှာစေတီတော်နှင့် လှိုင်းတက်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၊ အပြင် သန့်ရှင်းသာယာလှပရေး စက်တင်ဘာ ၁၂ ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သာယာဝတီခရိုင်ရဲတပ်ဖွဲ့မှ ယာယီဒုတိယရဲမှူးကြီး ဉာဏဦးဆောင်ပြီး မြို့နယ်ရဲမှူးခင်စိုးလွင်၊ မြို့မရဲစခန်းမှူး ဒုရဲမှူး ဇော်လင်းထွန်း၊ သုံးဆယ်နယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းခိုင်၊ စံရွေးနယ်မြေရဲစခန်းမှူး ရဲအုပ်သန့်ဇော်ထွေးနှင့်တပ်ဖွဲ့ဝင် ၃၅ ဦးတို့က အထက(၁)သာယာဝတီကျောင်းဝင်း အတွင်း၊ အပြင်သန့်ရှင်း သာယာလှပရေး စက်တင်ဘာ ၁၃ ရက်က ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၉-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၈၅ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၀ | ၂၅၃၅ | ၂၅၁၅ | ၂၆၁၀ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၇၈၅ | ၃၁၆၀ |
| 95 Ron | ၂၅၇၅ | ၂၆၂၅ | ၂၆၂၀ | ၂၅၈၅ | ၂၆၂၀ | ၂၆၄၅ | ၂၆၃၀ | ၂၆၁၀ | ၂၇၀၀ | ၂၇၃၅ | ၂၆၁၅ | ၂၆၃၀ | ၂၆၆၀ | ၂၆၆၀ | ၂၆၆၀ | ၂၈၈၀ | ၃၂၂၅ |
| HSD (500 ppm) | ၃၀၆၅ | ၃၁၁၀ | ၃၁၁၀ | ၃၀၇၅ | ၃၁၁၀ | ၃၁၃၅ | ၃၁၃၀ | ၃၀၉၅ | ၃၂၁၀ | ၃၂၀၅ | ၃၁၀၅ | ၃၁၁၅ | ၃၁၄၅ | ၃၁၄၅ | ၃၁၅၀ | ၃၃၇၀ | ၃၈၉၅ |
| HSD (50 ppm) | ၃၁၅၀ | ၃၁၉၅ | ၃၁၉၅ | ၃၁၆၀ | ၃၁၉၅ | ၃၂၂၀ | ၃၂၁၅ | ၃၁၈၀ | ၃၂၉၅ | ၃၂၉၀ | ၃၁၉၀ | ၃၂၀၀ | ၃၂၃၀ | ၃၂၃၀ | ၃၂၃၅ | ၃၄၅၅ | ၃၉၃၀ |
| HSD (10 ppm) | ၃၁၅၀ | ၃၁၉၅ | ၃၁၉၅ | ၃၁၆၀ | ၃၁၉၅ | ၃၂၂၀ | ၃၂၁၅ | ၃၁၈၀ | ၃၂၉၅ | ၃၂၉၀ | ၃၁၉၀ | ၃၂၀၀ | ၃၂၃၀ | ၃၂၃၀ | ၃၂၃၅ | ၃၄၅၅ | ၃၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၇၂ | ၂၄၅၃ |
| 95 Ron | ၂၄၆၂ | ၂၅၄၄ |
| HSD (500 ppm) | ၂၉၃၈ | ၃၀၂၆ |
| HSD (50 ppm) | ၃၀၁၈ | ၃၁၀၈ |
| HSD (10 ppm) | ၃၀၁၈ | ၃၁၀၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**✻ အာရှဖလားမှ**

ယင်းအသင်းနှင့် တွေ့ဆုံသည့်ရလဒ်များကို ထည့်သွင်းတွက်ချက်မည်မဟုတ်ရာ မြန်မာအသင်းအနေဖြင့် နှစ်ပွဲဆက်အရေးနိမ့်ခဲ့သော်လည်း ယခုပွဲရလဒ်မှာ ခြေစစ်ပွဲအောင်မြင်ရေး တွက်ချက်ရာတွင် သက်ရောက်မှုရှိမည်မဟုတ်ပေ။

ယခုပွဲရလဒ်မှာ မြန်မာအသင်းအတွက် အရေးမပါသော်လည်း မြန်မာအသင်းအနေဖြင့် အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ဟိန်းထက်စိုး (ဂိုး)၊ လတ်ဝေဘုန်း၊ လန်းဆန်းအောင်၊ ကောင်းထက်ပိုင်၊ ဇော်ဝင်းသိန်း၊ ထွန်းထွန်းသိန်း၊ သာယာဝင်းထက်၊ ရဲရင့်ဖြိုး၊ သန်းတိုးအောင်၊ စွမ်းထက်၊ သိန်းဇော်သီဟတို့ ပါဝင်ကစားခဲ့သည်။ မြန်မာအသင်းအနေဖြင့် ဥဇဘက်ကစ္စတန်ကို အကောင်းဆုံးတုံ့ပြန်ကစားသော်လည်း အင်အားကြီးအသင်းတစ်သင်းနှင့် ကစားရသဖြင့် ကွာခြားမှုရှိခဲ့ကာ အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ သို့သော် မြန်မာအသင်းအနေဖြင့် ယခုပွဲတွင်လည်း ပင်နယ်တီပေးခဲ့ရပြီး နှစ်ပွဲဆက် ပင်နယ်တီပေးနေရသဖြင့် ခံစစ်ကစားသမားများ၏ ဖျက်ထုတ်မှုနှင့် ပါးနပ်မှုအပိုင်းတွင် အားနည်းချက်များရှိနေသေးသည်။ ဥဇဘက်ကစ္စတန်အသင်းအတွက် အနိုင်ဂိုးများကို ကိုးမိနစ်တွင် ဖော်မင်၊ ၂၅ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ရာမာတူလာယေဗ်၊ ၉၀+၂ မိနစ်တွင် ဂျိုဘိုရာယေဗ်တို့က သွင်းယူခဲ့သည်။

အုပ်စု (က) အခြားပွဲတွင် အိမ်ရှင်ဆော်ဒီအာရေဗျအသင်းက မော်လ်ဒိုက်အသင်းကို ၁၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အုပ်စုတတိယပွဲအဖြစ် မြန်မာစံတော်ချိန် စက်တင်ဘာ ၁၇ ရက် နံနက် ၁ နာရီတွင် အိမ်ရှင်ဆော်ဒီအာရေဗျအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

**☆ လှည်းကူးမြို့မှ**

ဒေသခံပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် အခြေခံစားသောက်ကုန် ရောင်းချနေမှုများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် လှည်းကူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အုပ်ချုပ်ရေးအထောက်အကူပြု ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက ဒေသခံပြည်သူများ လွတ်လပ်စွာ ဝယ်ယူနိုင်ရေးတို့အတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် အခြေခံစားသောက်ကုန်များ၊ ရောင်းချပေးရာတွင်လည်း ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၅၈၅ နှုန်းဖြင့် ဆန်ငါးအိတ်၊ ဆီတစ်ပိဿာလျှင် ငွေကျပ် ၅၃၀၀ နှုန်းဖြင့် ဆီပိဿာ ၁၀၀ နှင့် ကြက်ဥတစ်လုံးလျှင် ငွေ ၁၇၅ ကျပ်ဖြင့် ကြက်ဥအလုံး ၁၀၀၀ တို့ကို ဆက်လက်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **ဥာဏ်ဟိန်း**

စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက နယ်စပ်ရေးရာဝန်ကြီးဌာန လှိုင်းဘွဲမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများသည် လှိုင်းဘွဲမြို့ပေါ်ရှိ ရေမင်းသာယာဘုန်းတော်ကြီးကျောင်း၊ ရှမ်းရွာသစ်မြို့အတွင်းရှိ တရီးဖိုးခွီးဘုန်းတော်ကြီးကျောင်း၊ ပိုင်ကျုံမြို့အတွင်းရှိ အောက်ပိုင်ကျုံ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီနှင့် ပဲတို့အား သွားရောက်ဆက်ကပ်လှူဒါန်းစဉ်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## စဉ့်ကူးမြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**စဉ့်ကူး စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့တွင် ကျရောက်သည့် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က ကျင်းပခဲ့သည်။

ရှေးဦးစွာ စဉ့်ကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်ဇာလွင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများအား ပြည်သူများ ဗဟုသုတရရှိလာစေရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စဉ့်ကူးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူး ဇော်နီချစ်က လူကုန်ကူးမှုအဓိပ္ပာယ်၊ လူကုန်ကူးမှု အမျိုးအစားများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပြဋ္ဌာန်းရခြင်း ရည်ရွယ်ချက်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပါ ပြစ်မှုပြစ်ဒဏ်များ၊ လူကုန်ကူးခံရသူများနှင့် ပတ်သက်၍ ကယ်ဆယ်ရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူ့အသိုင်းအဝိုင်းတွင် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး ဆောင်ရွက်ပေးနေမှုများ စသည့် သိမှတ်ဖွယ်ရာများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**❖ ကျောဖုံးမှ**

ပရီမီယာလိဂ်ဖလားနှစ်ကြိမ် ဆွတ်ခူးပေးနိုင်ခဲ့သူလည်းဖြစ်သလို စပိန်လာလီဂါကလပ် အက်သလက်တီကို မက်ဒရစ်အသင်းမှာ ပါဝင်ကစားခဲ့စဉ်ကလည်း ဆုဖလားတွေ ရယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

တိုက်စစ်မှူး ဒီယေဂိုကော်စတာဟာ ချယ်လ်ဆီးအသင်းနဲ့အတူ ၂၀၁၅ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ်တို့မှာ ပရီမီယာလိဂ်ဖလားကို ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိ တိုက်စစ်မှူး ဒီယေဂိုကော်စတာ ပြောင်းရွှေ့လာခဲ့တဲ့ ဝုလ်ဗာဟမ်တန်အသင်းကတော့ ပရီမီယာလိဂ်ပွဲစဉ် ခြောက်ပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ တစ်ပွဲသာ အနိုင်ရရှိခဲ့ပြီး ပရီမီယာလိဂ်အမှတ်ပေးဇယားရဲ့ အဆင့် ၁၄ နေရာမှာ ရပ်တည်နေတာလည်း ဖြစ်ပါတယ်။ **ငွေကြယ်**

## ရေတာရှည်မြို့နယ်၌ စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ

**ရေတာရှည် စက်တင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဒေသခံ



ပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန်အတွက် ရေတာရှည်တပ်နယ်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း၍ ယနေ့ နံနက်ပိုင်းက စည်ပင်သာယာဈေး(သာဂရ) အနီး၌ ဆန်၊ ဆီ၊ အသား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။

ထိုသို့ ရောင်းချပေးရာတွင် နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များက တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ဆန်၊ ဆီ၊ အသား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ရေတာရှည်(ပြန်/ဆက်)



## သီပေါ၌ အခမဲ့မျက်စိစမ်းသပ်စစ်ဆေးပေး

**သီပေါ စက်တင်ဘာ ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ သီတဂူစက္ခုဒါနမျက်စိကုဆေးရုံမှ (၄၉)ကြိမ်မြောက် အခမဲ့မျက်စိစမ်းသပ်စစ်ဆေးကုသပေးမှုကို ယနေ့ နံနက်ပိုင်းက စတင်ဆောင်ရွက်သည်။

အဆိုပါအစီအစဉ်ကို မူလက စက်တင်ဘာ ၁၄ ရက်တွင် စတင်ဆောင်ရွက်ရန်ဖြစ်သော်လည်း ရပ်ဝေးမှ လာရောက်ပြသသူ မျက်စိလူနာများပြား၍ ကိုဗစ်ကူးစက်ရောဂါမဖြစ်ပွားစေရန် ကျန်းမာရေးစည်းကမ်းချက်များနှင့်အညီ တစ်ရက်ကြိုတင်လုပ်ဆောင်ခြင်းဖြစ်ပြီး မျက်စိလူနာနှင့် လူနာစောင့်များအား သီပေါမြို့ နယ်စည်းမခြားပရဟိတအသင်းက အပူချိန်တိုင်းတာခြင်း၊ လက်ဆေးရည်ဖြင့် လက်ဆေးပေးခြင်း၊ နှာခေါင်းစည်းများ ဝေငှလှူဒါန်းပေးခြင်းများကို ကူညီပြုလုပ်ပေးခဲ့ကြကြောင်း သိရသည်။

၂၁၀

## ညောင်လေးပင်မြို့၌ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးနေ့ အထိမ်းအမှတ် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် ဝန်ဆောင်မှုပေး

**ညောင်လေးပင် စက်တင်ဘာ ၁၃**


ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာ ဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့ နံနက်ပိုင်းက အခြေခံပညာ အထက်တန်းကျောင်းခွဲသို့ ရွေ့လျားစာကြည့်တိုက်စနစ် သုံးဘီးယာဉ်ဖြင့် ကွင်းဆင်း၍ သုတရသစာအုပ်များအား အခမဲ့ငှားရမ်းခြင်း၊ ကျောင်းသား ကျောင်းသူများအား ပုံပြင်များ ပြောပြခြင်း၊ လူကုန်ကူးမှုနှင့် ပတ်သက်သည့် အကြောင်းအရာများ ဟောပြောခြင်းနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ယဉ်ယဉ်ထွေးက စားသုံးသူများ၏ အခွင့်အရေးနှင့်ပတ်သက်၍ ဟောပြောသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ညောင်လေးပင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ၊ စာဖတ်ပရိသတ်များအား စာအုပ်စာပေကို လေ့လာဖတ်ရှုမှု ပိုမိုတိုးပွားလာစေရန်၊ စာပေဖတ်ရှုခြင်းဖြင့် အသိဉာဏ်ပညာဗဟုသုတများ တိုးပွားလာစေရန်၊ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရေးကို ရည်ရွယ်၍ သုံးဘီးယာဉ်ဖြင့် သုတ၊ ရသ၊ ရုပ်ပြ၊ မဂ္ဂဇင်း/စာစောင် စသည့် စာအုပ်ပေါင်း ၁၀၀ ကျော်ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ကျောင်းသား ကျောင်းသူများက စိတ်အားထက်သန် ပျော်ရွှင်စွာဖြင့် ဖတ်ရှုခဲ့ကြသည်။



ဆက်လက်၍ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ယဉ်ယဉ်ထွေးနှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ် နီနီဝင်းနှင့် ဝန်ထမ်းများ ပူးပေါင်း၍ ကျောင်းရှေ့ မုန့်ဈေးတန်းအား စားသုံးရန်သင့်၊ မသင့် မုန့်များ၊ ရက်လွန်မုန့်များ မရောင်းချရန်၊ အချဉ်ရည်များ လတ်လတ်ဆတ်ဆတ်အသုံးပြုရန်၊ တစ်ခါသုံးလက်အိတ်များ အသုံးပြုရန်၊ မုန့်ဖတ်များကိုလည်း ဆန်ခါများဖြင့်ရောင်းချရန် စသည့်အကြောင်းအရာများ ဆွေးနွေးစစ်ဆေးခဲ့ကြောင်း သိရသည်။

ဟိန်းသူနိုင်(ပြန်/ဆက်)



တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာနမှ ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်ရှိ နေလလမ်း (ရေထွက်ဦးလမ်းမှ ကမ္ဘောဇလမ်းအထိ) ပေ ၉၆၀ ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်စဉ်။ စိုးလင်း(တောင်ကြီး)

## ဖလမ်းမြို့၌ ပြည်သူများအား ဈေးနှုန်းချိုသာစွာဖြင့် အခြေခံစားသောက်ကုန်များ ရောင်းချ

**ဖလမ်း စက်တင်ဘာ ၁၃**

ချင်းပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပြည်သူများ နေ့စဉ်လူမှုဘဝ စားသောက်ရေးတွင် အထောက်အကူဖြစ်စေရန်နှင့် အခြေခံစားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူနိုင်ရေး ရောင်းချပေးခြင်းကို စက်တင်ဘာ ၁၂ ရက် နံနက် ၇ နာရီက ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက် မြို့တော်ခန်းမရှေ့၌ ကျင်းပခဲ့ရာ ဖလမ်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဝင်းဇော်လတ်၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီးမိုးနိုင်၊ အဖွဲ့ဝင်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးရေချမ်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ခေါင်နှင့် အဖွဲ့ဝင်များက တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ထိုသို့ရောင်းချပေးရာတွင် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ငရုတ်သီး၊ ခေါက်ဆွဲခြောက်၊ ကုလားပဲ၊ အမဲသား၊ ဝက်သား၊ ကြက်သား စသည်ဖြင့် အခြေခံစားသောက်ကုန်ပစ္စည်းများနှင့် ဟင်းသီးဟင်းရွက်များ စုစုပေါင်း ၁၆ မျိုးကို ရောင်းချပေးခဲ့ရာ ဆန်နှစ်ပြည် ကျပ် ၄၅၀၀၊ ပဲဆီ ၅၀ ကျပ်သား ကျပ် ၆၀၀၀၊ နေကြာဆီ ၅၀ ကျပ်သား ကျပ် ၅၂၀၀၊ ကြက်ဥ ၁၀ လုံး ကျပ် ၂၀၀၀၊ အမဲသားတစ်ပိဿာ ကျပ် ၉၆၀၀၊ ဝက်သားတစ်ပိဿာ ကျပ် ၉၆၀၀၊ ကြက်သား တစ်ပိဿာကောင် ကျပ် ၉၆၀၀ စသည်ဖြင့် ပြင်ပပေါက်ဈေးထက် လျှော့နည်းရောင်းချပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

■





## ဝက်လက်မြို့နယ်၌ ပိုးနှင်ဆေး လက်တွေ့သရုပ်ပြ

**ဝက်လက် စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ယနေ့နံနက် ၁၀ နာရီခွဲက ပိုးနှင်ဆေး လက်တွေ့ပြုလုပ်ပြသခြင်း သရုပ်ပြပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက စိုက်ပျိုးရေးလုပ်ငန်းတွင် သုံးစွဲရန်အတွက် သဘာဝပိုးသတ်ဆေးများကို ဈေးနှုန်းမြင့်မားစွာ ဝယ်ယူသုံးစွဲမည့်အစား ကုန်ကျစရိတ်သက်သာပြီး ပိုးမွှားကြိုတင်ကာကွယ်ရန်နှင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုအန္တရာယ်လျှော့ချနိုင်စေရန် ရည်ရွယ်၍ သရုပ်ပြပွဲအခမ်းအနား ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

အခမ်းအနားသို့တောင်သူ ၄၈ ဦးနှင့် ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ထို့နောက် တက်ရောက်လာကြသော တောင်သူများအား ဒုတိယဦးစီးမှူး ဒေါ်မိုးဝတ်ရည်သောင်းက ပိုးနှင်ဆေးပြုလုပ်ပုံအဆင့်ဆင့်ကို လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

အေးမြသက်ထား

# သိရုံအသိမှ ပညာဉာဏ်အရှိဆီသို့

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ

(၃၁-၈-၂၀၂၂ ရက်နေ့မှအဆက်)

"တပည့်တော်က ဉာဏ်ရှိတာထက် အခု သတိရှိလိုက်တာလို့ ထင်ပါတယ်ဘုရား။ အခု အရှင်ဘုရားနဲ့ပြောမှ၊ ဆိုမှ၊ သိလာမှတရားကို ဒီလိုလေးတွေလည်း အားထုတ်လို့ရနိုင်တယ်လို့ သဘောပေါက်လာပါတယ်ဘုရား"

"တယ်ဟုတ်ပါလား။ ဘာမှတောင် သေသေချာချာ မပြောရသေးဘူး။ တော်တော်သိလာတာပဲ"

"မှန်ပါ။ ရှေ့ဆက်ပါဦးဘုရား"

"ဘာဆက်ရဦးမှာလဲ"

"ဘယ်လိုဆက်ပြီး ဘယ်လိုအားထုတ်ရဦးမလဲ ဆိုတာတွေပေါ့ဘုရား"

"ဩော်. . အေးအေး၊ ဒကာကြီး၊ ဒကာကြီးရဲ့ဆန္ဒက အချိန်မရွေး၊ အချိန်သီးခြားပေးစရာမလိုဘဲ အားထုတ်တဲ့နည်းကို လိုချင်တာ၊ တကယ်လို့များ ဦးပဥ္စင်းက တင်ပျဉ်ခွေထိုင်၊ ဒီလိုလုပ် ဒီလောက်ကြာကြာအားထုတ်လို့ပြောရင် အဆင်ပြေပါ့မလား"

"ဟာ. . ဘယ်ပြေမလဲဘုရား။ ဖြစ်ချင်တာက တစ်မျိုး၊ လုပ်ချင်တာက တစ်မျိုးဖြစ်နေမှာပေါ့။ အဆင်ဘယ်ပြေမလဲဘုရား"

"အခုစကားပြောရင်းပဲဖြစ်ဖြစ်၊ ထသွား၊ ထလာ၊ လုပ်ရင်းကိုင်ရင်းပဲဖြစ်ဖြစ် ဒကာကြီးမှာရှိတယ်ဆိုတဲ့စိတ်ကလေးဟာ တစ်မျိုးမဟုတ်တစ်မျိုးတော့ သိမနေဘူးလား"

"သူ့ဟာသူတော့ သိနေတာပေါ့ဘုရား၊ ဒါပေမဲ့ တပည့်တော် သိချင်တာတွေကိုတော့ သူက အမြဲလိုက်ပြီး မသိပေးနိုင်ပါဘူးဘုရား"

"ဟုတ်တယ် ဒကာကြီး၊ စိတ်ဆိုတာ သူ့ဟာသူဆိုသလိုပဲ ကြုံရာဆုံရာအာရုံကိုတော့ သိနေပါတယ်။ ဒါဟာ စိတ်ရဲ့သတ္တိ၊ စိတ်ရဲ့သဘောပေါ့။ ဘယ်သူမှ တားလို့မရပါဘူး။ တားလို့မရသလို သိအောင်လည်း ဘယ်သူကမှဝင်ပြီး လုပ်ပေးစရာမလိုပါဘူး။ လုပ်ပေးလို့လည်း မရပါဘူး"

"ဟင်. . ဒါဖြင့် တပည့်တော်တို့ ကြည့်ချင်၊ သိချင်တဲ့အာရုံကိုတော့ ကြည့်လို့၊ သိလို့ရမှာပေါ့နော်"

"ရတယ်ဆိုရင် ဒကာကြီးက ကြည့်ခိုင်း၊ သိခိုင်းလို့ စိတ်ကလိုက်ပြီး ကြည့်ပေး၊ သိပေးနေတာလား"

"ဟင်.. အဲဒီလိုတော့ မဟုတ်ဘူးနဲ့တူပါတယ်"

"ဒါဖြင့် ဘယ်လိုလဲ"

"ဟုတ်တာပေါ့၊ ဒီလောက်ထိ သိဖို့ကတော့ ဗဟုသုတလည်းလိုတယ်။ ဒါမဟုတ် တော်တော်ကိုပဲ အပါးတစ်ဝ၊ ကိုယ့်စိတ်ကို ဘယ်လိုဖြစ်နေသလဲလို့ မမေးသော်လည်း သိနေနိုင်တဲ့ သတိဉာဏ်ရှိဖို့လိုအပ်တာကိုး"

"ဒကာကြီးမှာ စောစောက နားထောင်ရင်း ဖြစ်သလို ဖြစ်လာတဲ့ သတိတွေ၊ အသိဉာဏ်တွေ ဖြစ်လာရင် သဘောပေါက်လာနိုင်ပါတယ် စိတ်က ဘယ်အာရုံကိုမဆို သိနိုင်တယ်၊ ကြည့်နိုင်တယ်၊ ဒကာကြီးက ကိုယ်ကြည့်ချင်တာ၊ ကိုယ်မြင်ချင်တာကိုသာ ကြည့်တယ်။ ဒါကလည်း ဒကာကြီးက ကြည့်တာမဟုတ်ပါဘူး။ ဒကာကြီးရဲ့ ကြည့်ချင်မြင်ချင်တဲ့ အလိုဆန္ဒက ဒီစိတ်ကိုပေါင်းပြီး သူကြည့်ချင်တာကို ကြည့်ခိုင်းတာပါ"

"ဩော် ... ဟုတ်တယ်ဘုရား။ ဟုတ်တယ်"

"တကယ်လို့ ဒကာကြီးရဲ့ ကာမဆန္ဒလို့ခေါ်တဲ့ တဏှာလောဘဓာတ်က အားကောင်းရင် ကာမဂုဏ်အာရုံတွေကို တွေ့ချင်တယ်၊ ကာမအာရုံရဲ့ အရသာတွေကို ခံစားချင်တယ်၊ ဒါမှမဟုတ်လို့ ဒကာကြီးမှာ ဓမ္မဆန္ဒလို့ခေါ်တဲ့ ဓမ္မသဘောတွေက အားကောင်းရင် ကာမဂုဏ်အာရုံကိုတွေ့လည်း ဒီအာရုံတွေရဲ့ အာရုံသဘော၊ ဒီကာမဂုဏ်တွေရဲ့ နှောင်ဖွဲ့တတ်မှုသဘောတွေကို တွေ့ချင်၊ မြင်ချင်၊ သိချင်ပါလိမ့်မယ်"

"ဩော်. . တပည့်တော်စိတ်မှာကို ဒီလိုဖြစ်ချင်၊ သိချင်မှုနှစ်မျိုးရှိတာပါလား"

"ပုထုဇဉ်တွေရဲ့စိတ်တိုင်းမှာ ဒီလိုနှစ်မျိုးဖြစ်တတ်ကြပါတယ်။ တချို့က ကာမဆန္ဒအားကြီးတယ်။ တချို့က ဓမ္မဆန္ဒအားကြီးတယ်။ တချို့က နှစ်မျိုးစလုံး အားကြီးတယ်၊ တစ်ယောက်နဲ့တစ်ယောက် မတူကြဘူးပေါ့"

"မှန်ပါ၊ ဆက်ပါဦးဘုရား"

"တရားအားထုတ်တယ်ဆိုတာ ကာမဆန္ဒတွေ လျော့ပါးပြီး ဓမ္မဆန္ဒတွေ တိုးပွားအောင်၊ အကုသလဆန္ဒတွေလျော့ပါးပြီး ကုသလဆန္ဒတွေ တိုးပွားအောင် ကြိုးစားကြရတာပါ"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီတော့ ဒကာကြီးက ကာမဂုဏ်တွေရဲ့ အပြစ်ကို သိအောင်မြင်အောင် စာတွေ ပေတွေဖတ်၊ တရားနာ၊ စဉ်းစားလို့ ဓမ္မသဘောအမှန်တွေကို သိချင်၊ မြင်ချင်စိတ်တွေလည်း တိုးပွားစေဖို့ ဖတ်ရ၊ မှတ်ရ၊ နားကြားရမှာပါ"

"မှန်လှပါဘုရား"

"အဲဒါဟာ တရားကျင့်နည်းပါ။ တကယ်လည်း မိမိစိတ်မှာ ကာမဂုဏ်ကို အာရုံပြုပြီး လိုချင်မှုတွေ မကျေနပ်မှုတွေ မဖြစ်အောင်၊ မတွေမဝေ အမြဲသတိရှိရှိ အသိပါပါနေနိုင်အောင် ကြိုးစားရပါမယ်။ ကိုယ့်စိတ်ကို ပြန်ကြည့်ပါ။ စိတ်နဲ့စပ်နေတဲ့ သဘောတွေကို သေချာသိပါ။ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ပါ။



ကိုယ်နဲ့စပ်တဲ့ သဘောတွေကို သေချာသိပါ။ သေချာသိအောင် အမြဲသတိရှိရှိနေပါ။ အေးအေးဆေးဆေး သွားရင်းလာရင်း အချိန်မရွေး သိနိုင်အောင်ကြည့်ပါ။ အဲဒါ ဝိပဿနာအားထုတ်နည်းရဲ့ အခြေခံလည်း ဟုတ်တယ်။ ရှေ့ဆက်တက်လှမ်းနေတာလည်း ဟုတ်တယ်။ အမြင့်ရောက်လာတာလည်းဟုတ်တယ်။ ဒကာကြီးက အဲဒီလိုနဲ့ ကိုက်ညီလောက်ပါတယ်။ အားထုတ်ကြည့်ပါ။ အဆင်မပြေရင်တစ်ခေါက် ပြန်လာပြောပေါ့"

"မှန်လှပါ။ ကျေးဇူးတင်လှပါတယ်ဘုရား"။

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ ခန့်တဲ့စိတ်နဲ့နေပျော်မယ် စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

# ယဉ်ကျေးလိမ္မာအစပြု စာသင်ခန်းယဉ်ကျေးမှု(၈)

ဦးမင်းဟန်(ဘီအေ)

"မောင်ထူးရေ"

"ခင်ဗျာ ဟုတ်ကဲ့ဘိုးလေး ပြောပါခင်ဗျာ"

"ဟဲ့ မောင်ထူးတစ်ယောက် အတော်ကိုယဉ်ကျေးလာပါလား"

"နင်ပဲပြောတော့ ပူစူးမရေ၊ ငါက အရင်က အတော်ရိုင်းစိုင်းတယ်ပေါ့လေ"

"အဲဒီလို မတွေးပါနဲ့မောင်ထူးရာ၊ ဒီနေ့မှ မင်းက အရင့်အရင်တုန်းကထက် ပိုပြီးယဉ်ကျေးလာတယ်၊ ပိုပြီး သိမ်မွေ့လာတယ်လို့ ပူစူးမက ဆိုလိုတာဖြစ်မှာပါ"

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့က ဘိုးလေးကြွက်အိမ်ရှေ့ရှိ ကုက္ကိုပင်ကြီးအောက်တွင်ထိုင်နေကြရင်း အပြန်အလှန်ပြောနေကြသည်များကို ဘိုးလေးကြွက်က နားစွင့်နေရာမှ ဝင်ပြောလိုက်သည်။

"မောင်ထူးက အခုလိုရည်ရည်မွန်မွန်နဲ့ ပြန်ပြောတာကြားရလို့ ဒီမနက်ကျက်သရေရှိလိုက်တာကွယ်။ နားဝင်ကို ချိုနေရောပဲ။ ပူစူးမနဲ့ ကိုဦးတို့ကလည်း မြေးရဲ့ရည်မွန်တဲ့အပြောအဆိုကို ကြိုဆိုကြတာနေမှာပါ"

ဘိုးလေးကြွက်၏စကားကိုကြားလိုက်ရမှ မောင်ထူးတစ်ယောက် ပြုံးနိုင်ရယ်နိုင်ဖြစ်သွားတော့သည်။

"ဟုတ်ကဲ့ ဘိုးလေး၊ မြေးလည်း ဘိုးလေးရဲ့ သွန်သင်ဆုံးမမှုတွေကြောင့် အိမ်မှာရော၊ ကျောင်းမှာရော ရပ်ထဲရွာထဲမှာပါ အပြောအဆိုတွေကို သတိလေးကပ်ပြီး ရည်မွန်ယဉ်ကျေးအောင် ပြောတတ်လာတာပါ"

"မောင်ထူးစကားကို မြေးတို့ထောက်ခံပါတယ်။ မြေးတို့လည်း အရင်ကထက်စာရင် ပိုပြီးယဉ်ကျေးသိမ်မွေ့လာကြတာတော့ အမှန်ပါပဲ။ ဘိုးလေးကိုလည်း အထူးကျေးဇူးတင်ပါတယ်"

"ရပါတယ်ကွယ်၊ မြေးတို့က ဘိုးလေးသွန်သင်တာတွေကို လိုက်နာမှတ်သားကျင့်ဆောင်ကြလို့ ဘိုးလေးက ဝမ်းသာနေတာ။ ကျောင်းမှာ၊ စာသင်ခန်းအတွင်းမှာ လူမှုဆက်ဆံရေးပြေပြစ်ကောင်းမွန်အောင် စာသင်ခန်းဆိုင်ရာ ယဉ်ကျေးမှုနဲ့ ဆက်နွယ်တာလေးတွေ ပြောဖြစ်နေရတာကိုက ဘိုးလေးအားရှိတယ်။ မြေးတို့တွေ ကျောင်းမှာရော စာသင်ခန်းအတွင်းမှာပါ ဆရာ ဆရာမတွေနဲ့ ပြောဆိုဆက်ဆံကြတဲ့အခါ အခုလိုယဉ်ကျေးသိမ်မွေ့မှုရှိလာတယ်။ ဒီထက်မက ပိုပိုပြီးတော့ယဉ်ကျေးလာကြမယ်၊ အနန္တဂိုဏ်းဝင်ဆရာ ဆရာမတွေကို အရင်ကထက်ပိုပြီး ရိုသေလေးစားမှုတွေရှိလာကြမယ်ဆိုရင် မြေးတို့ ကျောင်းသား ကျောင်းသူတွေအတွက် အများကြီးအကျိုးရှိတယ်ကွယ်"

"ဟုတ်ကဲ့ပါ ဘိုးလေး"

"မြေးတို့အားလုံး အရင်ကထက်ပိုပြီး အထူးဂရုတစိုက်နဲ့ ယဉ်ကျေးသိမ်မွေ့အောင်ပြောဆိုဆက်ဆံပါ့မယ်"

"သာဓုပါကွယ် သာဓု သာဓု။ မြေးတို့က ယဉ်ကျေးလိမ္မာကြပြီးသားပါ။ မြေးတို့တွေက စာသင်ခန်းထဲမှာ ဆရာ ဆရာမတွေကို ရိုသေလေးစားမယ်၊ ပေးအပ်တဲ့သင်ခန်းစာတွေကို လိုက်နာမှတ်သားကျက်မှတ်ကြမယ်၊ ဆရာ ဆရာမတွေရဲ့ သွန်သင်ဆုံးမတာတွေကိုလည်း တစ်သဝေမတိမ်းလိုက်နာလုပ်ဆောင်ကြမယ်၊ စာသင်ခန်း စည်းကမ်းတွေကိုလည်း လိုက်နာကြမယ်ဆိုရင် ကျန်တဲ့ ကျောင်းသား ကျောင်းသူတွေကလည်း အတုယူကာ စည်းကမ်းတွေကောင်းလာမယ်။ ပိုပြီး ယဉ်ကျေးသိမ်မွေ့လာနိုင်တာပေါ့ကွယ်။"

"ဟုတ်ကဲ့ပါ ဘိုးလေး မြေးတို့သဘောပေါက်ပါပြီ"

"ဘိုးလေးက ဒီလိုပြောလိုက်လို့ အခြား ကျောင်းသား ကျောင်းသူတွေက မယဉ်ကျေးဘူး၊ မသိမ်မွေ့ဘူးလို့ ဆိုလိုတာမဟုတ်ဘူးနော်။ ကလေးတွေမှာ အားလုံးကယဉ်ကျေးမှုအခြေခံကောင်းတွေရှိပြီးသားပါ။ အရင်ကထက် ပိုမိုယဉ်ကျေးသိမ်မွေ့မှုရှိလာအောင်သာ အသိပေးပြောရတာပါ။ အဲဒီလို ပြောပြသွန်သင်လိုက်တော့ ကျောင်းသားကျောင်းသူအချို့က အလိုလို သိရှိလာကြပြီး စည်းကမ်းလိုက်နာမှုတွေ၊ စာကြိုးစားမှုတွေ၊ ပိုမိုပြီးယဉ်ကျေးတဲ့၊ လိမ္မာတဲ့၊ ကောင်းမွန်တဲ့ ယဉ်ကျေးမှုတွေပိုရှိလာရင် အခြားအခြားသော ကျောင်းသား ကျောင်းသူတွေကိုလည်း စည်းကမ်းလိုက်နာမှုတွေ၊ စာကြိုးစားမှုတွေ၊ ပိုမိုပြီး ယဉ်ကျေးတဲ့၊ လိမ္မာတဲ့၊ ကောင်းမွန်တဲ့ယဉ်ကျေးမှုတွေ ကူးစက်လာမှာပဲပေါ့"

"ဟုတ်ပါတယ်ဘိုးလေး။ မြေးကိုပဲကြည့်လေ အရင်ကထက်စာရင် ပိုပြီးယဉ်ကျေးသိမ်မွေ့လာတယ်လေ။ ပတ်ဝန်းကျင်ကသူငယ်ချင်းတွေ ယဉ်ကျေးသိမ်မွေ့တာများရင် သူ့အလိုလိုယဉ်ကျေးသိမ်မွေ့လာတယ်ဆိုတာ ကျွန်တော့်ကိုယ်တွေ့ပါပဲ"

ဘိုးလေးကြွက်စကားကို မောင်ထူးက သူ့ကိုယ်သူဥပမာပေးကာ ပြောလိုက်ရာ ဘိုးလေးကြွက်က သဘောကျစွာ ပြုံးလိုက်ရင်းဆက်ပြောသည်။

"မြေးက ကိုယ်တွေ့ဆိုတာ ဝန်ခံလိုက်တော့လည်း ဘိုးလေးကပိုလို့တောင် မြေးကိုလေးစားရပါတယ်ဗျာ။ အားလုံးကတော့ လိမ္မာယဉ်ကျေးပြီးသားတွေပါပဲ။ ဒါပေမဲ့ သတိမမူမိတာလေးတွေရှိတတ်လို့ မြေးတို့တစ်တွေက ပိုပြီးဂရုတစိုက်နဲ့ ရှေ့ဆောင်လမ်းပြသဘောမျိုးလုပ်ပေးစေချင်လို့ ဘိုးလေးပြောရတာ။ ဆရာ ဆရာမတွေဆိုတာ မိဘနဲ့တစ်ဂိုဏ်းတည်းရှိပြီး အနန္တဂိုဏ်းဝင်ပုဂ္ဂိုလ်တွေဖြစ်တယ်ဆိုတာကို အမြဲတမ်း နှလုံးသွင်းထားရမယ်နော်"

"ဟုတ်ကဲ့ ဘိုးလေး၊ မှတ်သားထားပါ့မယ်"

"ကျောင်းစာသင်ခန်းအတွင်းမှာလည်း ကျောင်းသား ကျောင်းသူအချင်းချင်း ညီရင်းအစ်ကို မောင်ရင်းနှမလို ကူညီရိုင်းပင်းရမယ်။ ကျောင်းသား ကျောင်းသူအသစ်အသစ်တွေရောက်လာရင်လည်း ကူညီဖေးမပေးရမယ်။ ငယ်ရွယ်တဲ့ကျောင်းသား ကျောင်းသူတွေကိုလည်း ကြီးတဲ့သူတွေက ရိုင်းပင်းကူညီစောင့်ရှောက်ကြရမယ်"

"ဒီလိုကိစ္စလေးတွေက အမြင်မှာတော့အသေးအဖွဲ့ဆိုပေမယ့် စိတ်နှလုံးသားနဲ့ဆိုင်တယ်ကွယ့်။ အဲဒီလို လိုအပ်နေတဲ့အချိန်မှာ နှုတ်အမူအရာနဲ့ပဲဖြစ်စေ၊ ကိုယ်အမူအရာနဲ့ပဲဖြစ်စေ ကူညီရိုင်းပင်းစောင့်ရှောက်ခံရတဲ့သူဟာ ရင်ထဲမှာစွဲပြီးကျေးဇူးတင်နေတော့တာ။ ဘယ်တော့မှ မမေ့တော့ဘူး။ အဲဒီလိုသူတွေဟာ နောက်နောင်မှာ အချင်းချင်းကို ကူညီဖေးမဖို့ ဝန်မလေးတော့ဘူးပေါ့။ ရိုင်းပင်းကူညီချင်တဲ့စိတ်တွေ မွေးမြူပြီးသားလည်း ဖြစ်သွားတယ်လေ။ ငယ်ရွယ်တဲ့အချိန်မှာ ဒီလို ပတ်ဝန်းကျင်ကောင်းမျိုးတည်ဆောက်ပေးနိုင်တာ စာသင်ခန်းမှာပဲရှိတယ်။ အဲဒါကြောင့် စာသင်ခန်းယဉ်ကျေးမှုက ဘဝအတွက် အခရာကျတယ်။ ကြီးပြင်းလာမယ့် ဘဝတစ်လျှောက်လုံးမှာ ငယ်ငယ်က အမူအကျင့်တွေက ကပ်ပါလာတတ်တယ်၊ ကောင်းမွန်တဲ့ ယဉ်ကျေးသိမ်မွေ့တဲ့၊ ရည်မွန်တဲ့၊ စိတ်သဘောပြေပြစ်ဖြောင့်စင်းတဲ့ မှန်ကန်တဲ့ အတွေးအမြင်၊ အသိတရားတွေကို စာသင်ခန်းယဉ်ကျေးမှုကနေပဲ အများအားဖြင့်ရရှိနိုင်တာပေါ့ကွယ်။ ဒါကြောင့် မြေးတို့အနေနဲ့ ရှေ့ဆောင်လမ်းပြကောင်းကောင်းနဲ့ ယဉ်ကျေးမှု၊ သိမ်မွေ့မှု၊ ရည်မွန်မှုတွေကို လက်တွေ့လုပ်ဆောင်ကြရမယ်နော်"

"ဟုတ်ကဲ့ပါ ဘိုးလေး၊ မြေးတို့အားလုံး လိုက်နာလုပ်ဆောင်ပါ့မယ်လို့ ကတိပေးပါတယ်"

"သာဓုပါကွယ်၊ သာဓု၊ သာဓု။ မြေးတို့အားလုံး လိမ္မာယဉ်ကျေးကြပါစေတယ်"။

# ပါရမီဆယ်ပါးမင်္ဂလာ

**သုတေသီ ဦးသိမ်းဇံ**

**သီလပါရမီ**

**သီလဖက်လေအသက်ရှည်**

"ကျွန်တော့်သား မသေပါဘူး ဆရာကြီး"

"ဟောဒီမှာ သူ့အရိုးတွေ"

"အဲဒါတွေဟာ ဆိတ်ရိုး၊ အမဲရိုးတွေ ဖြစ်လောက်ပါတယ်။ ဒီအသက်အရွယ်နဲ့ ကျွန်တော့်သား မသေနိုင်ပါဘူး၊ လုံးဝ မသေနိုင်ပါဘူး"

သူဌေးကြီးက အခိုင်အမာငြင်းဆိုနေတာပေါ့။ ဒိသာပါမောက္ခဆရာကြီးကလည်း သူဌေးကြီးရဲ့သားတပည့်ဖြစ်သူ ဓမ္မပါလလုလင်တစ်ယောက် (၄၆) ပါးရောဂါဖြင့်သေဆုံးကြောင်း သက်သေပြဖို့ ကြိုးစားနေခြင်းဖြစ်ရာ ဖခင်ဖြစ်တဲ့ သူဌေးကြီးက လုံးဝငြင်းဆန်နေတာပေါ့ကွယ်။

"သူဌေးမင်းရဲ့သားဟာ (၄၆) ပါးရောဂါထဲက တစ်ပါးပါးသောရောဂါနဲ့ သေဆုံးသွားလို့ ဝတ္တရားအရ ကောင်းမွန်စွာသင်္ဂြိုဟ်ပြီးလို့ အရိုးယူလာပြတာပါ"

"ဟား ဟား ဟား ဟား"

သူဌေးကြီးက ဒိသာပါမောက္ခဆရာကြီးရဲ့ စကားကိုကြားရလို့ ဟက်ဟက်ပက်ပက်ရယ်မောလိုက်တယ်။

"ဒီစကားကို မယုံကြည်နိုင်ဘူးဆိုတော့ သူဌေးမင်းအနေနဲ့ ဘယ်လိုများ ခိုင်ခိုင်မာမာ ပြောနိုင်ပါသလဲ"

"ဒီရွာမှာ ထုံးစံမရှိလို့ပါဆရာကြီး။ ဓမ္မပါလရွာသားတွေဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ အသက်မသေပါဘူး။ ရွာထဲမှာ လိုက်မေးကြည့်လို့ရပါတယ်"။

"သေဆုံးတယ်ဆိုတာ အရွယ်မရွေး ကြုံရနိုင်တာပဲမဟုတ်လား။ ဒါဆို ဒီရွာက ဘယ်အရွယ်ရောက်မှ သေမှုနဲ့ ကြုံရတာလဲ"

"လူ့သက်တမ်းစေ့မှ သေပါတယ်။ လူ့သက်တမ်း တစ်ရာဆိုရင် အသက်တစ်ရာပြည့်မှ မီးစာကုန် ဆီခန်းပြီး သေတဲ့ သဘောပါ။ ဒီရွာရဲ့ ထုံးစံ၊ ဒီရွာရဲ့ သဘာဝပါပဲ"

ဒိသာပါမောက္ခဆရာကြီးလည်း လက်လျှော့ကာ အလေးခံသယ်ယူလာတဲ့ ဆိတ်ရိုးတို့ကို လွယ်အိတ်ထဲမှ ထုတ်ကာ လွှင့်ပစ်လိုက်ရတဲ့အထိ ဆရာကြီး အပါအဝင် တပည့်တွေကပါ အံ့သြကြရလေသတဲ့။

"မေးပါရစေသူဌေးကြီး၊ ဓမ္မပါလရွာသားတွေ ဘာကြောင့်များ အသက်ရှည်ရပါသလဲ"

"ဓမ္မပါလရွာဆိုတာနဲ့တင် ရှင်းနေပြီးသားပါ။ ဓမ္မဆိုတာ တရား၊ ပါလဆိုတာ စောင့်ရှောက်တာလေ။ ဒီရွာသားတွေဟာ တရားစောင့်ရှောက်ကြတယ်။ ဓမ္မနဲ့ပတ်သက်ရင် ခါးဝတ်ပုဆိုးလိုမြဲမြံကြတယ်"

"အဲဒါနဲ့ပဲ အသက်ရှည်ကြရောလား"

"သိပ်ဟုတ်တာပေါ့ ဆရာကြီး၊ ဥပမာပေးရရင် စာမရီသားကောင်ဟာ သူရဲ့ မြီးဆံတစ်ချောင်းကို အကျွတ်မခံဘူး။ မြီးဆံကျွတ်မယ်ဆိုရင်တောင် အသက်အသေခံလိုက်တယ်။ ဒီရွာသူရွာသားတွေကလည်း သီလနဲ့ပတ်သက်လာရင် အဲသလောက်ကိုခိုင်မြဲတယ်၊ ကလေးရောလူကြီးရောပါပဲ"

"ဩော်ဒီလိုဆိုရင် ဓမ္မပါလရွာသူရွာသားတွေက ပါဏာတိပါတာကံ မကျူးလွန်ကြဘူးလို့ ဆိုတာလား"

"အမှန်ပါပဲ။ လုံးဝမကျူးလွန်ပါဘူး။ သတ္တဝါအားလုံးကို ကိုယ်နဲ့ထပ်တူ မေတ္တာထားတယ်။ ကိုယ်တိုင်လည်း အသတ်မခံချင်ဘူး။ နာကျင်တဲ့ဝေဒနာ မခံစားချင်ဘူး။ ဒီအတိုင်းပဲ အခြား သတ္တဝါတွေလည်း သေချင်ကြမှာ မဟုတ်ဘူး။ နာကျင်တဲ့ဝေဒနာကို ခံစားချင်ကြမှာ မဟုတ်ဘူး။ ဒီလိုတွေကြောင့် ဒီရွာသားတွေက စာနာရမယ်လို့ လူတိုင်းခံယူထားတယ်၊ စာနာစိတ်ကို သိတတ်စအရွယ်ကစတင်ပြီး မွေးမြူပေးထားတယ်"

"ဒီလိုဆို ဒီရွာက အသားမစားဘူးပေါ့"

"လုံးလုံးလျားလျားမစားဘူးတော့ မဟုတ်ဘူး။ များသောအားဖြင့် သက်သတ်လွတ်စားတာများပါတယ် ဆရာကြီး။ ကြားသား၊ မြင်သားတွေကို ရှောင်ကြတယ်။ ကိုယ်တိုင်တော့ လုံးဝမပြုဘူးပေါ့"

"ဒီအကြောင်းတွေများကြောင့်လား"

ဒိသာပါမောက္ခဆရာကြီးက ဓမ္မပါလရွာသူ ရွာသားတွေ အသက်ရှည်ရခြင်းအကြောင်းရင်း တစ်ချက်လို့ တွေးသိလိုက်လေတော့တယ်။ ဒီလောက်သော အကြောင်းအရာတို့နဲ့တော့ မဖြစ်တန်ကောင်းရာ။ အခြားအခြားသော အကြောင်းခြင်းရာတွေ ရှိနေဦးမယ်ဆိုတဲ့ အတွေးကြောင့် သူဌေးကြီးကို ဆက်လက်စူးစမ်းလိုက်ပြန်တယ်။

"သူဌေးမင်းတို့ရွာမှာ အဒိန္နာဒါနကံ ကျူးလွန်သူကော ရှိပါသလား"

"မရှိသလောက်ရှားတယ်ပဲ ပြောရမယ်။ လူကြီးသူမတွေ၊ မိဘဆရာသမားတွေရဲ့ အဆုံးအမနဲ့ သွန်သင်တာကို အလေးထားလိုက်နာကြလို့ အဒိန္နာဒါနကံ ကျူးလွန်သူမရှိသလောက်ကို ရှားပါတယ်ဆရာကြီး"

"ဒါနဲ့ မုသားစကားကော မပြောကြဘူးလား"

သူဌေးကြီးက ရေနွေးကြမ်းတစ်ခွက်ကိုမော့သောက်လိုက်ပြီး ဖြည်းဖြည်းချင်း ပြန်ပြောလိုက်သည်။

"မုသားမသုံးကြပါဘူး"

"ဟုတ်နိုင်ပ့ါမလား သူဌေးမင်း၊ စကားတိုင်းကို မှန်တယ်လို့ယူဆလို့ ရနိုင်ပ့ါမလား"

"ဆရာကြီးရာ မုသားစကားဆိုတာ မဟုတ်ကို အဟုတ်လုပ်တာ၊ အဟုတ်ကို မဟုတ်လုပ်ပြောတာ မဟုတ်လား"

"ဟုတ်ပါတယ်၊ မှန်ပါတယ် သူဌေးမင်း"

"ဒီလိုဗျ။ ဒီရွာသူ ရွာသားတွေက အဓိကစကားအမျိုးအစား နှစ်ခွန်းပဲသုံးတယ်။ တစ်ခွန်းက စကားပြောတဲ့ နေရာမှာ မှန်ရမယ်၊ အကျိုးရှိရမယ်၊ တစ်ဖက်သားနာလိုရမယ်ဆိုတဲ့ တစ်ခွန်းရယ်၊ နောက်တစ်ခွန်းက မှန်ရမယ်၊ အကျိုးရှိရမယ်၊ တစ်ဖက်လူတော့ နာလိုမှုရှိချင်မှ ရှိမယ်ပေါ့။ ဒီလိုစကားမျိုးကလွဲပြီး တခြားစကားတွေ မပြောဘူး"

သူဌေးကြီးရဲ့ စကားအဆုံးမှာ ဒိသာပါမောက္ခဆရာကြီးက ဓမ္မပါလ လုလင်ဟာ ကျောင်းကိုရောက်တဲ့နေ့ကစလို့ သီလနဲ့ စပ်တဲ့စကားတွေသာပြောလေ့ရှိတာကို သတိရမိသွားတော့တယ်။

"ဓမ္မပါလရွာသူ ရွာသားတွေဟာ ငါးပါးသီလကို ခါးဝတ်ပုဆိုးနှယ်ခိုင်မြဲကြပါတယ်။ ဒါကြောင့်လည်း တစ်ဦးနဲ့တစ်ဦး ရန်လိုမုန်းတီးမှု၊ လောဘဖက်တဲ့ ရက်စက်မှုတွေမရှိပါဘူး။ ဒေါသစွက်တဲ့ ခက်ထန်ရိုင်းစိုင်းမှု၊ လောဘ၊ ဒေါသ၊ မောဟတွေကင်းတာကြောင့် စိတ်အစဉ်ဟာ အထူးကြည်လင် အေးချမ်းကြပါတယ်။ ရိုးရှင်းတဲ့ ဘဝလူနေမှုမျိုးတွေဖြစ်တာကြောင့် ဘေးအန္တရာယ်လည်းကင်းကြပါတယ်။ လူရောစိတ်ရော ရွှင်လန်းချမ်းမြေ့ကြရပါတယ် ဆရာကြီး"

"ဒီလောက်ဆိုရင် နားလည်ရပါပြီ။ သူဌေးမင်းရဲ့သား ဓမ္မပါလလည်း မသေပါဘူး။ ငယ်ငယ်ရွယ်ရွယ်နဲ့ မသေဆုံးနိုင်ဘူးဆိုတာရယ်၊ သက်တမ်းစေ့နေနိုင်တယ်ဆိုတဲ့ ဓမ္မပါလရွာသူ ရွာသားတွေအကြောင်းကို သိလိုလို့သာ ဒီလိုစီစဉ်လိုက်ရတာဖြစ်ပါတယ်။ ခွင့်လွှတ်ပေးပါ သူဌေးမင်းခင်ဗျား"

"ခွင့်လွှတ်ပါတယ်။ ဆရာကြီးတို့ ပညာရှိ၊ ပညာတတ်တွေက လက်တွေ့သိမြင်မှယုံကြည်တတ်တာဖြစ်လို့ သီလဖက်လို့အသက်ရှည်ရတဲ့အသိလေး ရရှိသွားရင်ကိုကျေနပ်ရပါပြီ"

ဒိသာပါမောက္ခဆရာကြီးလည်း သီလဖက်လို့ အသက်ရှည်ရတယ်ဆိုတဲ့ အကြောင်းစုံကိုသိလိုက်ရလို့ ဝမ်းသာကျေနပ်အားရကာ အသက်ထက်ဆုံး သီလဆောက်တည်ဖို့ ဆုံးဖြတ်ချက်ချသွားလေတော့တယ်။ တစ်ချိန်တည်းမှာပဲ တပည့်ဖြစ်တဲ့ ဓမ္မပါလကိုလည်း ဖခင်သူဌေးကြီးထံ ပြန်လည်အပ်နှံလိုက်တော့သတဲ့ကွယ်။ ။

■

# ယဉ်ကျေးလိမ္မာပဒေသာ ၃၈ – ဖြာမင်္ဂလာ




**ရောင့်ရဲလွယ်ရမယ်**

**သန္တုဋ္ဌိစ။**

"ရောင့်ရဲ ကျေနပ်နိုင်ခြင်း။ လောဘမရှိ ရသမျှဖြင့် ရောင့်ရဲတင်းတိမ်ရခြင်း။ ရောင့်ရဲလွယ်ရမယ်"လို့ မြန်မာလိုအဓိပ္ပာယ်ရတယ်။

၃၈–ဖြာမင်္ဂလာကဗျာတွေရဲ့ သတ္တမမြောက် ကဗျာဖြစ်တဲ့ "စိတ်ထားရေးမင်္ဂလာငါးပါး"ထဲက နံပါတ်သုံး မင်္ဂလာတရားပဲဖြစ်တယ်။ သားတို့သမီးတို့၊ မောင်တို့မယ်တို့အတွက် ဘဝတစ်သက်တာ မှတ်သားကြရမယ့် မင်္ဂလာတရားတွေပေ့ါကွယ်။

ဟိုး.. ရှေးရှေးအခါတုန်းက ....။

"သင်တို့သည် အရာခပ်သိမ်းတို့၌ ရောင့်ရဲလွယ်ခြင်း သန္တုဋ္ဌိစ မင်္ဂလာနှင့်ပြည့်စုံစွာ စီးပွားရှာကြလေကုန်၊ မုချကြီးပွားချမ်းသာပါလိမ့်မယ်။ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" ဆိုတဲ့ ဘေးရန်ခပ်သိမ်းတို့ကိုအောင်နိုင်တဲ့ သရဏဂုံဂါထာတော်ကို မှတ်သားသွားကြပေတော့" မြတ်စွာဘုရားရှင်က လှူဒါန်းမှုအစုစုအတွက် အနုမောဒနာပြုပြီး မိန့်ကြားတော်မူလိုက်လေတယ်။

ဖြစ်စဉ်မှာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေစဉ်အချိန်ကာလ လှည်းကုန်သည်ငါးရာကိုဦးစီးတဲ့ ကုန်သည်ကြီး မာဏဝလုလင်ဟာ ခရီးမထွက်ခင်မှာ နောက်ပါကုန်သည်တို့နဲ့အတူ ဘုရားရှင်ကိုပူဇော်အလှူပေးခြင်း၊ သီလဆောက်တည်ခြင်းစတဲ့လှူဒါန်းမှုအစုစုအတွက် ဘုရားရှင်က အနုမောဒနာပြုပြီး အလှူရှင်ကုန်သည်တို့ကို မင်္ဂလာစကားနဲ့ အန္တရာယ်ကင်းဂါထာတို့ကို ချီးမြှင့်လိုက်ခြင်းဖြစ်ပေတယ်။

လှည်းကုန်သည်ငါးရာတို့ဟာ ဘုရားရှင်ကိုရှိခိုးပူဇော်ပြီး အရုဏ်တက်အချိန်မှာ ခရီးထွက်ခဲ့ရာ ဝဋ္ဋကန္တာရလို့ခေါ်တဲ့ သဲကန္တာရကြီးကို ရောက်ရှိ ဖြတ်သန်းခရီးနှင်နေကြလေတယ်။

"အလို... ဒီနေရာဟာ ဘီလူးတို့နေရာပေပဲ။ သတိဝီရိယနဲ့ နေကြကုန်လော့"

သဲကန္တာရထဲတွင် ခုနစ်ရက်မြောက်ဖြတ်လာရာ အစာရေစာလည်း ပြတ်တောက်ကာ ခရီးလမ်းလည်း မှားလာရတာကြောင့် ကုန်သည်ဦးစီး မာဏဝလုလင်က ဆင်ခြင်ကြည့်ကာ မှတ်ချက်ပြုပြောလိုက်လေတယ်။

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"

မာဏဝလုလင်နဲ့ လှည်းကုန်သည်ငါးရာတို့ဟာ ဘုရားရှင်ချီးမြှင့်တော်မူလိုက်တဲ့ သရဏဂုံဂါထာကို ရွတ်ဆိုနေကြရာ ဘီလူးတို့ရဲ့ လူယောင်ဖန်ဆင်း လှည့်စားမှုအန္တရာယ်က လွတ်မြောက်ခဲ့ရတော့တယ်။ ကုန်သည်အပေါင်းတို့က သရဏဂုံဂါထာကို နှလုံးသွင်းရွတ်ဖတ်ကြကာ ခရီးဆက်လက်နှင်လေရာ ထိုကန္တာရကိုလွန်မြောက်ပြီး ညောင်ပင်ကြီးတစ်ပင်ကိုတွေ့ရှိကြရတယ်။ ကုန်သည်အပေါင်းလည်း ဝမ်းသာအားရနဲ့ ညောင်ပင်ခြေရင်းမှာ အရိပ်ခိုကာ အစာပြတ်ရေပြတ်လို့လူတွေလည်း လဲကုန်ကြတော့တာပေ့ါကွယ်။

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" လဲနေကြတဲ့ ကုန်သည်အပေါင်းဟာ သရဏဂုံဂါထာကိုတော့ မပြတ်ရွတ်ဖတ်နေကြလေသတဲ့။

"ဤသူတို့ကား သူတော်ကောင်းတို့ပါလား။ ငါသည် ရတနာသုံးပါး အသံကို မကြားရတာကြာလေပြီ၊ ယခုမှပင်ကြားရလေတယ်။ ကျေးဇူးကြီးမားလှပါပေတယ်"

ညောင်ပင်စောင့်နဂါးမင်းက ရတနာသုံးပါးအသံကိုကြားရတဲ့အတွက် ကုန်သည်အပေါင်းကို ကျေးဇူးကြီးမားကြောင်းဆင်ခြင်ကာ လူယောင်ဖန်ဆင်းပြီး လှည်းကုန်သည်ဦးစီးကို တွေ့ဆုံကူညီလေတယ်။

"အဆွေတို့ ငါဟာ ဒီညောင်ပင်ကိုစောင့်တဲ့ နဂါးမင်းဖြစ်ပေတယ်။ အသင်တို့ရွတ်ဖတ်တဲ့ ရတနာသုံးပါးအသံကို ကြားရတဲ့အတွက် များစွာကျေးဇူးတင်ပါတယ်။ ဒါကြောင့် သင်တို့အား ငါစောင့်ရှောက်အံ့။ သင်တို့ အခက်အခဲကို ငါကူညီအံ့။ ဒီညောင်ပင်ကိုင်းတို့ကို ဖြတ်ကြကုန်လော့ အလိုရှိရာရရှိကြကုန်အံ့"

"အလို ရေတွေပန်းထွက်လာပါကလား"

ညောင်ပင်ရဲ့အရှေ့ကိုင်းကို ဖြတ်လိုက်ရာ ရေလုံးကြီးပန်းထွက်လာလို့ အံ့သြပျော်ရွှင်ကြတော့တယ်။

"နတ်သြဇာနဲ့ပြည့်စုံတဲ့ ထမင်းနဲ့ စားစရာ သောက်စရာတို့ပါလား၊ အားရပါးရသာ စားကြသောက်ကြပေတော့"

ညောင်ပင်ရဲ့ တောင်ဘက်ကိုင်းကို ဖြတ်လိုက်ရာ ထမင်းနဲ့ အစားအသောက်တို့ကို လိုလေသေးမရှိ ရရှိကြပြန်တယ်။ နောက်ပြီး ညောင်ပင်ရဲ့ မြောက်ဘက်ကိုင်းကို ဖြတ်လေရာ ရတနာခုနစ်ပါးတို့ကို ရရှိပြန်လေတော့တယ်။

"အသင်လုလင်တို့ ညောင်ပင်ခြေရင်းကိုဖြတ်ပြီး အောက်မှာရှိတဲ့ မနောမယပတ္တမြားကိုပါ ယူဆောင်လော့"

"အဆွေနဂါးမင်းရဲ့ကူညီမှုတို့ဟာ အံ့မခန်းပါပဲ။ ဤမျှဖြင့် ကျေနပ်ရောင့်ရဲရပါပြီ၊ အလိုရမက်လောဘလည်း မကြီးကြပါ၊ ဒီလောက်နဲ့ပင် ပြည့်စုံလှပါပြီ"

လှည်းကုန်သည်ဦးစီး မာဏဝလုလင်ရဲ့စကားကိုကြားသိလိုက်ရတဲ့ နဂါးမင်းဟာ ဝမ်းသာကျေနပ်သွားသတဲ့။

"အသင်လုလင်တို့ဟာ သူတော်ကောင်းတွေပါပဲ။ သန္တုဋ္ဌိစမင်္ဂလာနဲ့ ပြည့်စုံပေစွ၊ ပြည့်စုံပေစွ" ညောင်ပင်စောင့်နဂါးမင်းက ဝမ်းမြောက်ဝမ်းသာ ချီးမြှောက်စကားဆိုကာ လှည်းငါးရာတွင် ရတနာအပြည့် တင်ဆောင်ပေးလိုက်လေတော့တယ်။ ကုန်သည်အပေါင်းလည်း နေရပ်သို့ပြန်ကာ ချမ်းသာစွာနေကြလေတော့သတဲ့။

သန္တုဋ္ဌိစ။

"ရသမျှဖြင့်ရောင့်ရဲကျေနပ်နိုင်ခြင်း။ လောဘမရှိ ရသမျှဖြင့် ရောင့်ရဲတင်းတိမ်ရခြင်း။ ရောင့်ရဲလွယ်ရမယ်"လို့မြန်မာလိုအဓိပ္ပာယ်ဖော်ဆောင်တဲ့ နိပါတ်တော်လာ မှတ်သားစရာ ပုံဝတ္ထုတစ်ခုပါပဲ။

သားတို့သမီးတို့၊ မောင်တို့မယ်တို့အတွက်သာမက လူတိုင်းလူတိုင်း အသိကြွယ်ကာ ကျင့်ဆောင်ကြရမယ့် "စိတ်ထားရေးမင်္ဂလာ"နည်းနာတွေပေ့ါကွယ်။ ။


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၆၉ ဆူ | ၃၅၁ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ (၁) တိုင်) | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၈ တိုင် | ၁၂ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၅၀ တိုင် | ၃၀ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၈ ခု | ၅၄၄ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၄၅ ကျင်း | ၂၀၇၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၀ ကျင်း | ၁၉၇. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းကျင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၇ ကျင်း | ၅၈၉၃. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၅ ကျင်း | ၁၆၁၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | | | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
